မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၁၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတက်ရောက်အားပေး သတ်မှတ်စိုက်ဧက ပြည့်မီကျော်လွန်ရေး ဝိုင်းဝန်းကြိုးပမ်း

ကြည့်ရှုအားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခြံစည်းရိုးကြက်ဆူအထူးဇုန်စိုက်ခင်းဧက ၂၄၀၀ တွင် အသုံးပြုမည့် ဆေးဖျန်းပုံး၊ ကိုင်းဖြတ်ကပ်ကြေး၊ အရွက်ဖျန်းအားဆေးများ၊ ဟော်မုန်းဆေးများ၊ မှိုရောဂါသတ်ဆေးများ၊ ပိုးသတ်ဆေးများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၇

စစ်ကိုင်းတိုင်း မုံရွာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မေ ၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အတူ တိုင်းစစ်ဌာနချုပ်အတွင်း တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့်အတူ နံနက် ၈ နာရီခွဲတွင် မုံရွာခရိုင် ကနီမြို့နယ် မုံရွာ–ယာကြီး–ကလေးဝလမ်း မိုင်တိုင်အမှတ် ၂၂/၀ မှ ၃၀/၀ အကြားရှိ စစ်ကိုင်းတိုင်း ခြံစည်းရိုးကြက်ဆူ အထူးဇုန်စိုက်ကွင်းဧက ၂၄၀၀ ၌ ကျင်းပသည့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့၏ စုပေါင်းကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

တက်ရောက်

အဆိုပါ စုပေါင်းကြက်ဆူပင်စိုက်ပျိုးပွဲသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ *စာမျက်နှာ ၈ ကော်လံ ၁* ✡

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နမ္မတူမြို့ နယ်မြေခံတပ်ရင်းအောင်စစ်သည်ခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များ ပိုမိုကြိုးပမ်းထမ်းဆောင် စိုက်ပျိုးမွေးမြူရေးအပြင် ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုး ဒေသနှင့်ကိုက်ညီမည့်သီးနှံများ စိုက်ပျိုးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ မေ ၅ရက် နံနက်ပိုင်းက လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ လားရှိုးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ တပ်မတော် အစိုးရလက်ထက် *စာမျက်နှာ ၉ ကော်လံ ၁* ❒

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

8-5 (01).p65 1 1/6/32, 11:29 PM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၈ ရက်)

စားသုံးဆီဖူလုံရေးနှင့် သွင်းကုန်အစားထိုးနိုင်ရေး ဆီအုန်းတိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းရှိ နယ်မြေဒေသအားလုံး ယှက်နွယ်ပေါင်းစည်းပြီး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က ဖန်တီးဖော်ဆောင်ပေးနေသည်။

အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာရေးတွင် ပင်မစီးပွားရေးအခြေခံဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေရရှိရေးအပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို စီမံ ဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်းလုံးရှိ မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ စပါးအပါအဝင် အဓိက သီးနှံ၁၀မျိုး၊ ဆီအုန်း၊ ရော်ဘာနှင့် အခြားသီးနှံများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ အထူးသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် စိုက်ပျိုးမွေးမြူသူများက ပြည်ပပို့ကုန်သီးနှံများ၊ သွင်းကုန်အစားထိုး သီးနှံများ၊ စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရစ္ဆာန်များနှင့် ရေထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်နေကြပြီ ဖြစ်သည်။

တနင်္သာရီတိုင်းသည် ဆီအုန်းများ စိုက်ပျိုးဖြစ်ထွန်းနိုင်သော ရေ၊ မြေ၊ ရာသီဥတုရှိသည့်အတွက် ပြည်တွင်းစားသုံးဆီ ဖူလုံရေး ရည်မှန်းချက်ဖြင့် ဆီအုန်းများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိသည်။ နိုင်ငံတော်က တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များအား ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်နိုင်ရန် ဆီအုန်းဧက ငါးသိန်းပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် အဘက်ဘက်က ပံ့ပိုး ဖြည့်ဆည်းပေးလျက် ရှိသည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း တစ်နှစ်ထက်တစ်နှစ် စိုက်ဧက တိုးတက်များပြားအောင် ကြိုးပမ်းစိုက်ပျိုးသွားခြင်းဖြင့် နိုင်ငံတော်၏ စေတနာကို တုံ့ပြန်ကြရေးနှင့် ပြည်တွင်း၌ စားသုံးဆီသန့် စက်များတည်ဆောက်၍ ဆီအုန်း ဆီကြမ်းမှ စားသုံးဆီသန့်များနှင့် စက်မှုလုပ်ငန်းသုံးဆီကြမ်းများကို ဈေးနှုန်းချိုသာစွာဖြင့် ထုတ်လုပ်သွားနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက် သွားကြရန်ဖြစ်သည်။

ယုဇနကုမ္ပဏီလီမိတက်သည် တနင်္သာရီတိုင်း ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းခရိုင်တို့၌ မြေလွတ်မြေရိုင်းများဖော်ထုတ်ပြီး ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ မာရမ်း/လုံးဖောကြီးဒေသတို့၌ ဧကတစ်သောင်းအတွက် ဆီအုန်းပင်များ ပျိုးထောင်ထားရှိသည်။

ယုဇနဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် ၁၉၉၉ခုနှစ်မှ ၂၀၀၅–၂၀၀၆ခုနှစ်အထိ ဧက ၂၀၀၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယခုအခါ ဆီအုန်းဧက ၁၇၇၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၆ခုနှစ်၌ ဆက်လက်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးစခန်း ၁၇ခုတွင် ပျိုးပင်၁၈၀၀၄၀၀ ပျိုးထောင်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

ဒဂုံတင်ဘားလီမိတက်သည် တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့နှင့် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့တို့၌ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းစတင် သည့် ၁၉၉၅ခုနှစ်မှ ယနေ့အထိ ၈၁၃၈ ဒသမ ၃၈ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး စိုက်ပျိုးမြေဧက ၁၁၇၀၀ ပြည့်မီရရှိရေးအတွက် ၂၀၀၇–၂၀၀၈ခုနှစ်တွင် စိုက်ပျိုးနိုင်ရန် မျိုးစေ့များကို မှာယူထားရှိကြောင်း သိရှိရသည်။

ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ အောင်ဘာကျေးရွာနှင့် တောဝိုင်းကြီးကျေးရွာများ အနီးရှိ ပိုကောင်းကုမ္ပဏီလီမိတက်၏ တနင်္သာရီတိုင်း ကော့သောင်းဒေသ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းကို ၁၉၉၉ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅၀၄ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။ ၂၀၀၈–၂၀၀၉ခုနှစ်တွင် ဧက၁၁၅၀၀ ပြည့်မီရေးအတွက် နှစ်စဉ် ဧက၅၀၀ တိုးချဲ့စိုက်ပျိုးလျက် ရှိသည်။

ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် နှစ်အလိုက် ဆီအုန်းတိုးချဲ့ စိုက်ပျိုးလျက်ရှိပြီး ၂၀၀၇ခုနှစ်တွင် စိုက်ပျိုးနိုင်ရန် ဧကသုံးသောင်း ပျိုးထောင်ထားရှိသည်။

သို့ဖြစ်ရာ ပြည်တွင်းစားသုံးဆီ ဖူလုံရေးနှင့် သွင်းကုန်အစားထိုးနိုင်ရေးအတွက် ဆီအုန်းတိုးချဲ့ စိုက်ပျိုးရေးလုပ်ငန်းကို နိုင်ငံတော်က အဘက်ဘက်မှ အားပေးကူညီ ဆောင်ရွက်လျက်ရှိသည့်အလျောက် တနင်္သာရီတိုင်းအနေဖြင့် ဆီအုန်းတိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်းဆောင်ရွက်ရင်း ဒေသ၏ စီးပွားရေး လုပ်ငန်းများကို မြှင့်တင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယာဉ်စီးခပိုမိုတောင်းခံခြင်းမရှိစေရန် စနစ်တကျထိန်းသိမ်း ခရီးသည်များအား မချေမငံဆက်ဆံခြင်းမပြုအောင် ကြပ်မတ်အရေးယူ

ရန်ကုန် မေ ၇

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ၅ရက် ညနေ၅နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက မော်တော်ယာဉ် လိုင်းများ ယာဉ်စီးခ ပိုမိုတောင်းခံခြင်းမရှိအောင် စနစ်တကျ ကြပ်မတ် ထိန်းသိမ်းကြရန်၊ ခရီးသည်များကို မချေမငံဆက်ဆံခြင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းများမဖြစ်အောင် ကြပ်မတ်အရေးယူကြရန်နှင့် မိုးရာသွန်းမှုကြောင့် ယာဉ်မတော်တဆဖြစ်မှုများ မရှိစေရေးအတွက် ယာဉ်မထွက်မီ စနစ်တကျ စစ်ဆေးကြရန် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှဌာနမှူးများ၊ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူ များနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ကျောင်းကြိုပို့ ယာဉ်များဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေး ဆိုင်ရာကိစ္စရပ်များ၊ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေ ချောမွေ့စွာသွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် မော်တော်ယာဉ်များအား စီအင်(န်)ဂျီ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ် များအဖြစ် ပြောင်းလဲပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်း စီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၈–၅–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၅။	လက်စွမ်းပြဟန်ဂီတသံ
၄း၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅	၇။	မျိုးချစ်တပ်မတော်
၄း၅၀	၈။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၅	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၄။	မျှော်လင့်စောင့်စားဂျာမနီ ကမ္ဘာ့ဖလား
၆း၄၀	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့အိမ်ကလေး"** (အပိုင်း–၂၃)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကျန်းမာသုတ
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း–၃၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈–၅–၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ခိုင်ခံ့ပေါ့ပါးကြွရည်သုတ်သံ သပိတ်များ
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်သူ့အတွက်ကျန်းမာရေး (ခါးနာရောဂါအကြောင်း မေးမြန်းခန်း)
၇း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	Management Talk (မျိုးမြတ်သူ၊ဦးအေးကျော် (MHR))
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	အကွက်ဖော်အထပ်သားနှင့် သစ်ပါးလွှာပန်းချီ ထုတ်လုပ်မှုလုပ်ငန်း
၈း၄၀	ပြည်တွင်းသတင်းအကျဉ်း
၈း၅၀	ဖြူးချောင်းတံတား
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	Star Album (မိုးဒီ၊ဆုပန်ထွာ၊ပပဝင်းခင်၊စုမေ)
၉း၄၅	မိုးလေဝသခန့်မှန်းချက်
၉း၅၀	မြန်မာ့လက်မှုယွန်းအနုပညာ
၁၀း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅	ခလေ့ရိုးရာရှမ်းရွာလေးများ
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	စားချင်စဖွယ်မုန့်လုပ်နည်း အသွယ်သွယ် (ဝက်သားတုတ်ထိုး)
၁၀း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅	ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ပုံအဆင့်ဆင့်
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	စားချင်စဖွယ်ဒေသထုတ် ဇလွန်ချင်းသုပ်
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	ကျန်းမာရေးအတွက်သန့်(၄)သန့်
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အားလေးအားဖြင့်ပူးပေါင်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး အမြဲသိရှိနေအောင်ဆောင်ရွက် မိမိတို့သိနေရုံမျှမက ပြည်သူတစ်ရပ်လုံးသိရှိအောင် မီဒီယာနည်းဖြင့်ကြိုးပမ်း ပြည်သူ့စွမ်းအားဖြင့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏အန္တရာယ်ချေမှုန်း

ရန်ကုန် မေ ၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်မြို့တော်မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာရာ နံနက် ၈ နာရီခွဲတွင် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ရောက်ရှိပြီး ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေး၍ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ လုပ်ငန်းအောင်မြင်ရေးအတွက် လိုအပ်ချက်များကို မှာကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ တကောင်းမြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် မိုးကုတ်မြို့နယ်တို့မှ ပြန်ကြားရေးဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဆွေးနွေးမှာကြား

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ ရောက်ရှိပြီး ပြင်ဦးလွင်ခရိုင်အတွင်းရှိ ပြင်ဦးလွင်မြို့နယ်၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ တကောင်းမြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် မိုးကုတ်မြို့နယ်တို့မှ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက ပြန်ကြားရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညနေ ၃ နာရီခွဲတွင် ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ ရောက်ရှိပြီး ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်များမှ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြပြီး ဝန်ကြီးက ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများနှင့် ဖွင့်လှစ်ပြီး ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းသို့ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်လူကြီးများ၏ စေတနာနှင့် နိုင်ငံတော်၏ကျေးဇူးကို သိရှိနားလည်ပြီး မိမိတို့၏လုပ်ငန်းတာဝန်များကို အောင်မြင်အောင်၊ ကျေပွန်အောင် နှစ်ဆသုံးဆတိုးပြီး ဆောင်ရွက်ကြရန် လိုကြောင်း၊ အသုံးအဖြုန်းခွဲခြားပြီး ခြိုးခြံချွေတာ သုံးစွဲကြရန်လိုကြောင်း၊ အိမ်နောက်ဖေး ဈေးဆိုင်တည်ဟူသော မြန်မာဆိုရိုးစကားနှင့်အညီ ဝန်ထမ်းများအားလုံး တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုပါ လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိ မိသားစုအတွက် စားသောက်စရိတ်ကုန်ကျမှုသက်သာပြီး စုဆောင်းမိမှာဖြစ်ကြောင်း၊ တစ်ဖက်မှလည်း နိုင်ငံ၏ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို အားဖြည့်ပေးသလိုဖြစ်မှာ ဖြစ်ကြောင်း၊ ယင်းသဘောတရားများကို မိမိတို့ကိုယ်တိုင်ကျင့်သုံးရုံမက ပြည်သူများအားလုံးကပါ ထိုကဲ့သို့ တက်ညီလက်ညီဆောင်ရွက်လာအောင် မိမိတို့၏ မီဒီယာနည်းလမ်းမျိုးစုံဖြင့် စည်းရုံးဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ သတင်းစာရှင်းလင်းပွဲ သတင်းထုတ်ပြန်ချက်များ၊ နေ့စဉ်သတင်းစာပါ ခေါင်းကြီး၊ဆောင်းပါး၊ သတင်းများကို အမြဲမပြတ်လေ့လာပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးအခြေအနေအရပ်ရပ်ကို အမြဲသိရှိနေအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့သိရှိနေရုံဖြင့် မလုံလောက်ဘဲ ပြည်သူတစ်ရပ်လုံးက နားလည်သိရှိအောင် မိမိတို့၏ မီဒီယာနည်းများဖြင့် ဆက်လက်ဆောင်ရွက်ပြီး ပြည်သူ့စွမ်းအားဖြင့် ပြည်တွင်း၊ ပြည်ပ မြေပေါ်မြေအောက် အဖျက်သမားများ၏အန္တရာယ်ကို ကာကွယ်တားဆီးချေမှုန်းနိုင်အောင်၊ နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစီမံကိန်းများ အောင်မြင်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ် ငါးရပ်အတိုင်း အားလေးအားဖြင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်မည်

ရန်ကုန် မေ ၇

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပပူဇော်မြဲဖြစ်သော မဟာဗောဓိ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကြီးကို (၂၃)ကြိမ်မြောက်အဖြစ် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ၁၃၆၈ ခုနှစ် (ကဆုန်လပြည့်နေ့) မေ ၁၁ ရက်တွင် စေတီတော်ရင်ပြင် အင်္ဂါထောင့် ဗောဓိပင်၌ သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်လူကြီးများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်သည်။

ယင်းနေ့တွင် ဘုရားဖူးပြည်သူများ ရင်ပြင်တော် ထောင့်လေးထောင့်ရှိ မဟာဗောဓိညောင်ပင်များတွင် လွယ်ကူစွာ ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန်လည်း ဘာသာရေးအသင်းအဖွဲ့များက ကုသိုလ်ယူ ကူညီဆောင်ရွက်ပေးရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များရှင်းလင်း

ရန်ကုန် မေ ၇

ရန်ကုန် အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များရှင်းလင်းပွဲကို မေ ၅ ရက်က သဃ်န်းကျွန်းမြို့နယ် ခန်းမဆောင်တွင် ပြုလုပ်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်နှင့် ဆေးရုံအုပ်ကြီးများ၊ အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ ၁၄ မြို့နယ်မှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် မြို့နယ်ကျန်းမာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ တက်ရောက်ကြသည်။

ဆွေးနွေး

ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးက ချမှတ်သော ရှေ့လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်း ဆွေးနွေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဒေါ်စန္ဒာက ၂၀၀၆ ခုနှစ် ပထမလေးလပတ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ခရိုင်အတွင်း ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ **(၂၁၉)**



ကြိုဆိုနှုတ်ဆက်

မေ ၆ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီးတို့ အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး Mrs. Ruth Schatz က ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

တောင်ကြီးတက္ကသိုလ် ဘူမိဗေဒကျောင်းသား ကျောင်းသူဟောင်းများ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် မေ ၇

တောင်ကြီးတက္ကသိုလ် ဘူမိဗေဒအထူးပြုဖြင့် ၁၉၉၃-၉၆ ပညာသင်နှစ်တွင် တက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို မေ ၂၇ ရက်(စနေနေ့)တွင် တောင်ကြီးတက္ကသိုလ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ကိုသန်းဌေးဝင်း ဖုန်း-၀၈၁-၂၉၄၈၉၊ မစန္ဒာဝင်း ဖုန်း- ၀၈၁-၂၁၀၁၁၊ ကိုသိန်းဇော်မြင့် ဖုန်း-၀၈၁-၂၄၀၂၄၊ ကိုစိုင်းစိုးညွန့် ဖုန်း-၀၈၁-၆၀၅၀၈၊ ကိုမင်းထွဋ်ဦး ဖုန်း- ၀၈၁-၂၄၀၁၅ နှင့် ကိုအောင်မြတ်စိုး ဖုန်း ၀၁-၅၀၃၆၀၉၊ ၀၁-၅၃၆၁၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အက်ဖ်အေအိုရဲ့အာရှ-ပစိဖိတ်ညီလာခံ ဂျကာတာ၌ကျင်းပမည်

ဂျကာတာ မေ ၇

(၂၈)ကြိမ်မြောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)၏ အာရှ-ပစိဖိတ် ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် မေ၁၅ရက်မှ ၁၉ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ညီလာခံသည် ဒေသဆိုင်ရာနှင့် တစ်ကမ္ဘာလုံးတွင် စိန်ခေါ်နေသော ကိစ္စရပ်များကို ဖြေရှင်းရန် အကူအညီပေးသွားနိုင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီး အင်န်တန်အပရီယန်တိုနိုက မေ၅ရက်၌ ပြောကြားသည်။

ဆင်းရဲနွမ်းပါးမှုလျှော့ချ

ညီလာခံတွင် အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံများမှ ဝန်ကြီးများက စားနပ်ရိက္ခာဖူလုံရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်ရေးများ၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ဇီဝလောင်စာထုတ်ယူမှု ပိုမိုဖြစ်ထွန်းရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးကြမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် ဒေသအတွင်း ဆင်းရဲနွမ်းပါးသော ပြည်သူများအား အကျိုးကျေးဇူး ပိုမိုရရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးစနစ်တစ်ရပ်ကဲ့သို့သော ကုန်သွယ်မှုမျိုးကို အာရှ-ပစိဖိတ်ဒေသတွင် ကျင့်သုံးရေး၊ သို့မှသာ ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ အောင်မြင်မည်ဖြစ်ရာ ဆွေးနွေးသုံးသပ်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း မစ္စတာတိုနိုက ပြောကြားသည်။

တက်ရောက်

ယခုညီလာခံသို့ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဝင်နိုင်ငံများ၊ လေ့လာအကဲခတ်သူ နိုင်ငံများနှင့် အာရှ-ပစိဖိတ်ဒေသ ၄၆နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဝန်ကြီးများနှင့် အရာရှိကြီးများ တက်ရောက်ကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အဘူဂျာလေဆိပ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

အဘူဂျာ မေ ၇

နိုင်ဂျီးရီးယားနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး အေဂျင်စီ (အင်န်ဒီအယ်လ်အီးအေ)က ယခုနှစ် စတင်ကတည်းက အဘူဂျာနိုင်ငံတကာလေဆိပ်တွင် လူ၁၄ ဦးထံမှ မူးယစ်ဆေးဝါး ၁၅ကီလိုကို ဖမ်းဆီးရမိခဲ့ကြောင်း မေ၅ရက်၌ သတင်းထုတ်ပြန်သည်။

ယခုနှစ် ဇန်နဝါရီနှင့် ဧပြီလအတွင်း အဘူဂျာလေဆိပ်၌ မူးယစ်ဆေးဝါးများကို ဝမ်းဗိုက်အတွင်း မျိုချပြီး လျှို့ဝှက်သယ်ဆောင်လာသူ လူ ၁၄ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးကြောင်း အဆိုပါသတင်း၌ ပါရှိသည်။

အောင်မြင်မှုတစ်ခု

အဆိုပါဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၀၀၀၀ခန့်ရှိပြီး မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတွင် အောင်မြင်မှုတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ယခုအခါ အဘူဂျာလေဆိပ်၌ ပုံမှန်လုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျက်ရှိနေပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း
နိုင်ငံတကာ
သတင်းများ

ဂရိနိုင်ငံ အေသင်မြို့တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများ၏ တိုက်ခိုက်ခံရမှုကြောင့် ကင်းလှည့်ယာဉ်တစ်စီး မီးလောင်နေသည်ကို မေ ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနှင့်ပါကစ္စတန် ငြိမ်းချမ်းရေးအထိမ်းအမှတ် အမီတာဘဂျမ်းရုပ်ရှင်ကားများ ပါကစ္စတန်၌ ပြသမည်

မွမ်ဘိုင်း မေ ၇

နယူးဒေလီနှင့် အစ္စလာမ္မာဘတ်တို့သည် ငြိမ်းချမ်းရေးတိုးတက်မှုကို တွန်းအားပေးလုပ်ဆောင်သည့် အထိမ်းအမှတ်အဖြစ် အိန္ဒိယရုပ်ရှင်သရုပ်ဆောင် အမီတာဘဂျမ်းကားများကို ယခုလတွင် ပါကစ္စတန် ရုပ်မြင်သံကြား၌ ဆက်တိုက် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ရိုက်တာက ဖော်ပြသည်။

ပိတ်ပင်

အိန္ဒိယရုပ်ရှင်ကားများကို ပါကစ္စတန်၌ ပြသခြင်းကို အနှစ်၄၀ကျော် ပိတ်ပင်ထားခဲ့ရာ မကြာသေးမီ ကာလကအထိ ပြသခွင့်မရသေးဟု ဆိုသည်။

ပြီးခဲ့သောလတွင် ပါကစ္စတန်က အလျှော့ပေးလိုက်ပြီး အိန္ဒိယဘောလီးဝုဒ် ရုပ်ရှင်ကားနှစ်ကားကို ပြသခွင့်ပြုလိုက်သည်။ ပုဂ္ဂလိက ရုပ်မြင်သံကြားတစ်ခုက မေ၁၃ရက်မှစပြီး အမီတာဘဂျမ်း ရုပ်ရှင်ပွဲတော်အဖြစ် ထုတ်လွှင့်သွားရန် စီစဉ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံတွင် မီးလောင်မှုဖြစ်ပွားရာ မီးငြိမ်းသတ်နေသည်ကို မေ ၅ရက်က တွေ့ရစဉ်။

(အဆိုပါ မီးလောင်မှုဖြစ်ပွားခြင်းကြောင့် လူငါးဦး ဒဏ်ရာရရှိခဲ့ပြီး လေယာဉ်လေးစင်း ပျက်စီးခဲ့ရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

စီအိုင်အေညွှန်ကြားရေးမှူး ရာထူးမှ နုတ်ထွက်

ဝါရှင်တန် မေ ၇

စီအိုင်အေ ညွှန်ကြားရေးမှူး ပေါင်တာဂေါ့စ်သည် ရာထူးမှ နုတ်ထွက်သွားပြီးဖြစ်ကြောင်း သမ္မတဘုရှ်က မေ ၅ရက်၌ ကြေညာလိုက်သည်။

၎င်း စီအိုင်အေညွှန်ကြားရေးမှူးသည် ထောက်လှမ်းရေးအသိုင်းအဝိုင်းကို တစုတစည်းတည်း ဖြစ်လာရန် ၎င်းအေဂျင်စီက ကူညီပေးခဲ့သည်ဟု ဆိုသည်။ အမေရိကန်နိုင်ငံအား လုံခြုံဘေးကင်းရာနိုင်ငံအဖြစ်လည်းကောင်း၊ အကြမ်းဖက်စစ်ပွဲ အောင်မြင်ရန်အတွက်လည်းကောင်း ကူညီပေးခဲ့သည်ဟုသိရသည်။ ဂေါ့စ်သည် ၂၀၀၅ ခုနှစ် ဧပြီ၂၁ရက်က စီအိုင်အေ ညွှန်ကြားရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်ပြီး ယခင်က ဖလော်ရီဒါပြည်နယ် ရီပတ်ပလီကင်လွှတ်တော်အမတ်အဖြစ် ၁၆နှစ်သာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ယှဉ်ပြိုင်

တရုတ်နိုင်ငံ နန်ကျင်းမြို့တွင် ကျင်းပသည့် နိုင်ငံတကာ ရေလွှာလျှောစီးပြိုင်ပွဲတွင် တရုတ်အဖွဲ့ ယှဉ်ပြိုင်နေသည်ကို မေ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီတလီတပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်၌ ဗုံးထိမှန်သေဆုံး

ရောမ မေ ၇

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော် အရှေ့တောင်ဘက်ရှိ လမ်းတစ်လျှောက်တွင် ကင်းလှည့်နေစဉ် ဗုံးပေါက်ကွဲမှုကြောင့် အီတလီတပ်ဖွဲ့ဝင်နှစ်ဦး မေ၅ရက်က သေဆုံးခဲ့ကြောင်း အီတလီသတင်းအေဂျင်စီမှ ထုတ်ပြန်ကြေညာသည်။

အဆိုပါ တပ်ဖွဲ့ဝင် နှစ်ဦးမှာ ဗိုလ်မာန့ုရယ်ဖီအိုရီတိုနှင့် တပ်ကြပ်ကြီး လုကာဗိုဆင်နယ်လီတို့ဖြစ်ပြီး အနီးရှိ စစ်ဆေးရုံသို့ လေယာဉ်ဖြင့် ပို့ဆောင်ခဲ့ပြီးနောက် ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

ထိုပေါက်ကွဲမှုကြောင့် အခြားတပ်ဖွဲ့ဝင်လေးဦးလည်း ဒဏ်ရာအနည်းငယ် ရရှိခဲ့သည်။

ကင်းလှည့်ယာဉ် ဖြတ်သန်းသွားစဉ် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့သော ယင်းဗုံးသည် မိုင်းဗုံး သို့မဟုတ် လက်လုပ်ဗုံးဖြစ်သည်ဆိုသည်ကို ချက်ချင်း မသိရသေးကြောင်း ဆင်ဟွာသတင်းက ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံအန်ဟွေးပြည်နယ်ဟောဖီမြို့ အင်တာနက် ကဖေးတစ်ခု ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူတစ်ဦးအား မေ ၆ ရက်က ဆေးဝါးကုသပေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ကန်နှင့်အီရန် နျူကလီးယားကိစ္စ တိုက်ရိုက်ဆွေးနွေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်းပြောကြား

ကုလသမဂ္ဂ မေ ၇

အီရန်နျူကလီးယား ကိစ္စအပေါ် အီရန်နိုင်ငံနှင့် တိုက်ရိုက်ဝင်ရောက် ဆွေးနွေးရန် အမေရိကန်အား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က မေ ၅ရက်၌ တိုက်တွန်းလိုက်သည်။

ယင်းကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် အကျပ်အတည်းကို ဖြေရှင်းသွားနိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောဆိုလိုက်သည်။

ဆွေးနွေး

အီရန်တာဝန်ရှိသူများသည် အီးယူအင်အားကြီး နိုင်ငံများဖြစ်ကြသည့် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီ နိုင်ငံတို့နှင့် ယခင်က စေ့စပ်ဆွေးနွေးခဲ့ခြင်းများအပေါ် ပြန်လည် ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ကြောင်း၊ အမေရိကန်က အချိန်ဇယားဆွဲပေးလျှင် ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်လာနိုင်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

အဆိုပါ အကြံပြုတိုက်တွန်းချက်ကို အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အမေရိကန်ရှိ နယူးစ်ဟားဗားရှပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်ခြင်းဖြစ်သည်။

ကြိုးစား

အီရန်နျူကလီးယား ပြဿနာကို သံတမန်နည်းလမ်းအရ ဆောင်ရွက်ရန် အာနန်က တိုက်တွန်းထားသည်။ ထိုအတောအတွင်း အီရန်က ယင်း၏ နျူကလီးယားအစီအစဉ်မှာ နျူကလီးယားစွမ်းအင် ထုတ်လုပ်ရန်အတွက်သာဖြစ်ကြောင်း အခိုင်အမာ ပြောဆိုနေသည်။ သို့ရာတွင် အနောက်အုပ်စုက အီရန်သည် နျူကလီးယားစွမ်းအင်ကို ခုတုံးလုပ်အကြောင်းပြ၍ နျူကလီးယားလက်နက်များ ထုတ်လုပ်ရန် ကြိုးစားနေသည်ဟူ၍ စွပ်စွဲထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အပေါင်းပါ ၁၀ဦးလိုက်ပါလာသော ကန်ရဟတ်ယာဉ် အာဖဂန်နစ္စတန်နိုင်ငံ၌ ပျက်ကျခဲ့

ကဘူးလ် မေ ၇

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန် စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျသွားခဲ့ကြောင်း စစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။

ရဟတ်ယာဉ်ပျက်ကျသွားသောနေရာ၌ ရှာဖွေရေး ဆောင်ရွက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

CH-47 ချင်းနွတ်ရဟတ်ယာဉ်သည် အမေရိကန် ဦးဆောင်သော အပေါင်းပါ တပ်ဖွဲ့ဝင်၁၀ဦးကို တင်ဆောင်လျက် ပျံသန်းလာရာ ကဘူးလ်မြို့အရှေ့ဘက်မိုင် ၁၅၀အကွာ ကူနာပြည်နယ် တောင်ထိပ်အနီး၌ ပျက်ကျသွားခဲ့သည်ဟု ဆိုသည်။

ပြောကြား

ယင်းရဟတ်ယာဉ် ပျက်ကျမှုသည် ရန်သူ့လက်ချက်ကြောင့် ပျက်ကျခြင်းမဟုတ်ကြောင်း၊ ကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင် ၁၀ဦးစလုံး သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပါဝင်

ယင်းရဟတ်ယာဉ် ပျက်ကျရာသို့ ကယ်ဆယ်ရေးအဖွဲ့နှင့် အခြားရဟတ်ယာဉ်များက သွားရောက်ကယ်ဆယ်လျက်ရှိကြောင်း၊ လေယာဉ်ပေါ် လိုက်ပါလာသောသူများသည် မည်သည့်နိုင်ငံသားများ ပါဝင်သည်ကို မသိရသေးကြောင်း ၎င်းကပြောကြားသည်။

(အင်တာနက်)

ဆူဒန်အစိုးရနှင့် ဒါဖာသူပုန်အဖွဲ့ အပစ်အခတ်ရပ်စဲရေးသဘောတူညီ

အဘူဂျာ မေ ၇

ဆူဒန်အစိုးရနှင့်ဒါဖာသူပုန်အဖွဲ့သည် သုံးနှစ်ကြာ လက်နက်ကိုင်တိုက်ခိုက်ခြင်း အဆုံးသတ်ရန်အတွက် မေ ၅ရက်က သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အစိုးရ၏ စေ့စပ်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင်နှင့် အက်စ်အယ်အေအဖွဲ့ခေါင်းဆောင်နှစ်ဦးသည် နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့တွင် အပြစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ကို ရေးထိုးခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာ့အမြင့်ဆုံးစက်ဘီး

ကမ္ဘာပေါ်တွင် အမြင့်ဆုံးစက်ဘီး တစ်စီးကို စီးနင်းနေသူ တစ်ဦးအား တွေ့ရစဉ်။ (အပေါ်ပုံ)

ကနေဒါနိုင်ငံ မာနီကိုတာပြည်နယ် ဝင်နီပတ်မြို့တွင် ကနေဒါနိုင်ငံသား တက်ရီဂေါ့ဇင်ဆိုသူက မီတာ၃၀မြင့်ပြီး စက်ဘီးခွေ ၅ဒသမ ၅မီတာ ကျယ်သောဘီးများဖြင့် မီတာ၁၀၀ အကွာဝေးရောက်အောင် ကောင်းမွန်စွာ စီးနင်းပြသနိုင်ခဲ့ကြောင်း သိရသည်။ ၎င်းစီးနင်းသည့် စက်ဘီးသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံး စက်ဘီးအဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်မည် ဖြစ်သည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသေးငယ်ဆုံးကြောင်

ကမ္ဘာ့အသေးငယ်ဆုံး ကြောင်လေးတစ်ကောင်အား တွေ့ရစဉ်။ (အောက်ပုံ)

ဂရိနိုင်ငံအလယ်ပိုင်း မက်ဂါတာမြို့တွင်ရှိသော ကြောင်လေးတစ်ကောင်သည် ၁၈ဒသမ ၈စင်တီမီတာရှိပြီး အလေးချိန် ၈၀၀ဂရမ်သာရှိကြောင်း သိရသည်။ ၎င်းကြောင်သည် ကြောင်မလေးဖြစ်ပြီး ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ကြောင်လေးတစ်ကောင်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

တရုတ် သဲကန္တာရအတွင်း ခရီးသွား ၄၂ဦး ၁၉ နာရီကြာ အဆက်အသွယ်ပြတ်တောက်

ပေကျင်း မေ ၇

တရုတ်နိုင်ငံ မြောက်ပိုင်းအတွင်း မွန်ဂိုလီးယားဒေသရှိ ကြီးမားသော သဲကန္တာရ တစ်ခုအတွင်းခရီးသွား ၄၂ ဦး မေ ၃ ရက်က ၁၉ နာရီကြာ ပျောက်ဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များမရောက်မီ ခရီးသွားတစ်ဦးသေဆုံးခဲ့ကြောင်း၊ ပေကျင်းနယူးစ် သတင်းစာက မေ ၅ ရက်၌ သတင်းဖော်ပြသည်။

သွားရောက်

ခရီးသွား ဧည့်သည်များမှာ တရုတ်နိုင်ငံသားများ ဖြစ်ကြပြီး အများစုမှာ ပေကျင်းမြို့မှဖြစ်သည်။ အဆိုပါ ခရီးသွားများသည် စတုရန်းကီလိုမီတာ ၁၆၁၀၀ ရှိသော ဟုတ်သဲကန္တာရဖြတ်သန်းလေ့လာရန် အုပ်စုသုံးစုခွဲ၍ သွားရောက်ခဲ့ကြခြင်း ဖြစ်သည်။

ခရီးသွားများ၏ တယ်လီဖုန်း အဆက်အသွယ်မှာ မေ ၃ရက် ညနေ ၄နာရီ ၁၀မိနစ်တွင် ဟန်ကျင်းဆန်နာ စီရင်စုရှိ ရဲတပ်ဖွဲ့စခန်းသို့ ပထမဆုံး လက်ခံရရှိခဲ့ပြီး နောက်ထပ်မိနစ် ၂၀ အကြာ ဒုတိယ ခရီးသွားအဖွဲ့များထံမှ ၎င်းတို့၏ အနေအထားကို သတင်း လက်ခံရရှိခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဆောက်လုပ်ဆဲ အဘိဓဇဆွမ်းစားကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူရှင်တစ်ဦးထံမှ အလှူငွေများလက်ခံစဉ်။ (သတင်းစဉ်)

မြန်မာနှင့် ကိုရီးယားသမ္မတနိုင်ငံအကြား ကောင်စစ်ရေးရာပူးပေါင်းဆောင်ရွက် မြန်မာကိုယ်စားလှယ်အဖွဲ့ ဆွေးနွေးပွဲတက်ရောက်ရန် ဆိုးလ်မြို့သို့ထွက်ခွာ

ရန်ကုန် မေ ၇

ကိုရီးယားသမ္မတနိုင်ငံအစိုးရ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Park In-kook ၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ကျင်းပမည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ကောင်စစ်ရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး နှစ်နိုင်ငံ ဒုတိယဝန်ကြီးအဆင့် ဆွေးနွေးပွဲသို့တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၆ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဆိုးလ်မြို့သို့ ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သီဝနှင့် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ဌာနစုမှူး(၁) ဦးမြင့်စိုးတို့ လိုက်ပါသွားကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံတွင်ရှိနေစဉ် ဘူဆန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်ရုံး၏ ကောင်စစ်ရေးရာလုပ်ငန်းများကိုလည်း သွားရောက်လေ့လာကြည့်ရှုမည်ဟု သိရှိရသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဒါယကာ ဒါယိကာမများ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော် ဩဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဆောက်လုပ်ဆဲ အဘိဓဇ ဆွမ်းစားကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ အလှူရှင်များဖြစ်ကြသော ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောဘဏကိုယ်စား ဆရာတော်ကြီး၏ ကပ္ပိယကာရကဖြစ်သူ ပရိယတ္တိသာသနာ့ပါလအသင်းဥက္ကဋ္ဌ ဦးချစ်အေးက ငွေကျပ်ငါးသိန်း၊ လူမှုထူးချွန်ပထမဆင့် သီဟသုဓမ္မ မဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်း–သီဟ သုဓမ္မသီဂိ သီရိသုဓမ္မသီဂိ အဂ္ဂမဟာ သီရိသုဓမ္မသီဂိ ဒေါ်နီ သားသမီးမြေးတစ်စု(ရွှေသံလွင် မိသားစု)က ငွေကျပ်သိန်း ၅၀၊ ဦးလှမောင်–ဒေါ်ခင်နှင်းဝေ (ဇဇဇ မိသားစု)က ငွေကျပ် ၃၂သိန်း၊ ဦးကြည်ဝင်း–ဒေါ်ရီရီအေး မိသားစုက ငွေကျပ်သိန်း ၂၀၊ ဦးချစ်မွှေး–ဒေါ်မြင့်မြင့်ရီ (သပြေညို အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)နှင့် ဦးကျော်မင်း–ဒေါ်မူမူထွေးမိသားစုတို့က ငွေကျပ်ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် စာချ နာယက ဆရာတော် သစအ ဓမ္မာစရိယ ဝိနယ ပါဠိပါရဂူ ပါဠိပထမကျော် ဘဒ္ဒန္တနာရဒါဘိဝံသထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့်စေတီတော်တွင် ဆောက်လုပ်လျက်ရှိသော ဗုဒ္ဓဝင်ပြခန်းအတွက် ကပစ(၄) အရာရှိရိပ်သာ အိမ်ထောင်သည်လိုင်းနေ ဒုတိယဗိုလ်မှူးကြီးစိုးတင်(ငြိမ်း) ဇနီးဒေါ်မြစန်း၊ သားသမီးမြေးတစ်စုက အလှူငွေကျပ် ၁၁၀၀၀၀ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဦးခင်မြင့်တို့ အလှူငွေလက်ခံစဉ်။ (က–ပ)

CANON မိတ္တူကူးစက် အသစ်များ မိတ်ဆက်ရှင်းလင်းပွဲနှင့် သရုပ်ပြပွဲကျင်းပ

ရန်ကုန် မေ ၇

Accel International Co., Ltd. နှင့် Canon (Singapore) Pte., Ltd. တို့က တင်သွင်းသော Canon အမျိုးအစားဒစ်ဂျစ်တယ် မိတ္တူကူးစက် မော်ဒယ်အသစ်များ မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို မေ ၅ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် Accel International Co., Ltd. မှ Managing Director Mr. Alvin Law က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Canon (Singapore) Pte., Ltd. မှ President and Chief Executive Officer Mr. Kevin Ogawa က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် Accel International Co., Ltd. မှ အရောင်းမန်နေဂျာ ဒေါ်နော်မာနေထူး **(အပေါ်ပုံ)** က ယခုမိတ်ဆက် တင်သွင်းသော Canon Digital Copier မော်ဒယ်အသစ်များနှင့်ပတ်သက်၍ ဗီဒီယိုနှင့် ဆလိုက်ကားချပ်များဖြင့် ရှင်းလင်းပြောကြားသည်။

Accel International Co., Ltd. မှ တင်သွင်းသော Canon Digital Copier အမျိုးမျိုးတို့ကို အမှတ် ၄၂၂–၄၂၆ ဆဋ္ဌမထပ် သစ်တော ဖက်စပ်ကူးသန်းရောင်းဝယ်ရေးအဆောက်အအုံ ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့ ဖုန်း ၂၀၂၀၉၂–၉၆သို့ မေးမြန်းစုံစမ်း၍ ဆက်သွယ်ဝယ်ယူနိုင်သည်။ Canon အရောင်းပြခန်းများကို ရန်ကုန်မြို့၌ အမှတ် (၇–၈) အောင်ဆန်းကွင်း တောင်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း(၂၄၃၀၁၆–၃၈)၊ မန္တလေးမြို့၌ အမှတ်(၆) SY အဆောက်အအုံ ၇၈လမ်း ဘုတာကြီးနှင့် မျက်နှာချင်းဆိုင် ဖုန်း ၀၂–၃၆၀၁၄၊ ၃၉၈၅၇ နှင့် ပျဉ်းမနားမြို့၌ အမှတ် ၆/၄၄၆/၄၅ ဆောက်လုပ်ရေးဝင်း ရန်ကုန်–မန္တလေး အဝေးပြေးလမ်း ဖုန်း ၀၆၇–၂၂၃၄၇၊ ၂၂၈၀၁ ၌ ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာ ဝယ်ယူနိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ငယ်စဉ်ကအဝလွန်ပြီး အဆီများမှု ဘဝတစ်လျှောက်လုံး ကျန်းမာရေးထိခိုက်နိုင်

ငယ်စဉ်က အဝလွန်ပြီး အဆီများခဲ့သော ကလေးငယ်များသည် ကလေးငယ်ဘဝတွင်သာ ကျန်းမာရေးထိခိုက်နိုင်သည် ဟူသော အယူအဆကို ပယ်ချလိုက်ကာ ဘဝတစ်လျှောက်လုံးတွင် ကျန်းမာရေးထိခိုက်နိုင်ပြီး ကလေးငယ်များ၏ အဝလွန်မှုကိုဂရုစိုက်ရန် ပညာရှင်များက သတိပေးလိုက်သည်။

ဖော်ပြ

အသက် ၁၁နှစ်အရွယ် ကိုယ်အလေးချိန်များပြားသော ကလေးငယ်များကို စနစ်တကျ သုတေသနပြုခဲ့ရာမှ ယခုကဲ့သို့တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ အသက် ၁၁နှစ်အရွယ်နှင့် ၁၆နှစ်အရွယ် ကလေးငယ် ၅၀၀၀ကျော်ကို ဗြိတိသျှဆေးဘက်ဆိုင်ရာဂျာနယ်တစ်စောင်က လေ့လာဆန်းစစ်ခဲ့ရာ ငယ်စဉ်က အဝလွန်ပြီး အဆီများခဲ့သောကလေးများသည် အသက်အရွယ် ရလာသည်နှင့်အမျှ ကျန်းမာရေးချို့ယွင်းတတ်ကြောင်း ဖော်ပြထားသည်။

အလေ့အကျင့်ကောင်း

ထို့ကြောင့် ကလေးများကို ငယ်စဉ်ကပင် ကျန်းမာရေးလိုက်စားတတ်သည့် အလေ့အကျင့်ကောင်းရရန် ဆုံးမသွန်သင်သင့်ကြောင်းလည်း သုတေသနပြုလုပ်သူများက ပြောကြားသည်။ လန်ဒန်ရှိ စာသင်ကျောင်းများတွင် အသက် ၁၁နှစ်အရွယ် ကလေးငယ် ယောကျာ်းလေးနှင့် မိန်းကလေးများကို လေ့လာရာ အဝလွန်ပြီး အဆီများသော ကလေးငယ်များ၏ ကျန်းမာရေးမှာ ညံ့ဖျင်းကြောင်း တွေ့ရှိခဲ့ရသည်။

ထို့အပြင် အရပ်ရှည်လွန်းသူများ၊ အဝလွန်သူများနှင့် အသားအရောင်ထူးခြားသူများသည် ကျန်းမာရေးချို့တဲ့သူများဖြစ်နေကြောင်း တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

ပြောကြား

ငယ်စဉ်က အဝလွန်သူ၊ အဆီများသူများသည် အသက်အရွယ်ရလာလျှင် ကင်ဆာရောဂါဖြစ်ပွားတတ်ကြပြီး ကျန်းမာရေးချို့တဲ့တတ်ကြသဖြင့် ငယ်စဉ်ကပင် အစားအစာ၊ အနေအထိုင်များ ဆင်ခြင်ကြရန်လည်း အင်္ဂလန်နိုင်ငံ ကင်ဆာရောဂါသုတေသနဌာနမှ ပါမောက္ခဂျိန်းဝါဒယ်က ပြောကြားသည်။

(ကိုးကား–အင်တာနက်)

အင်တာနက်သတင်းနှင့် ဓာတ်ပုံ

✡ *ကျောဖုံးမှ*

ပြုမူများကြောင့်ဟု ဆိုသော ကောက်ချက်ကို ပညာရှင်များက ချမှတ်ခဲ့ကြသည်။

အခိုင်အမာ

သို့ရာတွင် ယခုအခါ ထိုသို့မဟုတ်ဘဲ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များမှာ လူသားတို့၏လုပ်ဆောင်ချက်များကြောင့်သာဖြစ်ကြောင်း၊ ၎င်းအချက်သည်သာ အဓိကကျသော အကြောင်းတရားဖြစ်ကြောင်း ပညာရှင်များက အခိုင်အမာပြောကြားလျက်ရှိသည်။

အကျိုးဆက်

ကမ္ဘာ့မြေမျက်နှာပြင်၌ လေထုဖိအားလျော့နည်းကျဆင်းမှုများ၊ အပူချိန်မြင့်တက်လာမှုများ၊ အအေးလွန်ကဲလာမှုများနှင့် မိုးသက်မုန်တိုင်းများ တိုက်ခတ်မှုများမှာ လူသားတို့ကြောင့်ဖြစ်ပေါ်သော အကျိုးဆက်များဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

သို့သော်လည်း ယခုထက်ပိုမိုကောင်းမွန်သော အချက်အလက်များ လိုအပ်ဆဲဖြစ်ကြောင်း၊ သေချာသည်မှာ လူသားတို့အနေဖြင့် ရာသီဥတုကို ပြောင်းလဲစေသော ဖန်လုံအိမ်အာနိသင်ထုတ်လွှတ်မှု၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ချုံကလီးယားစမ်းသပ်မှုများကို လုံးဝကင်းရှင်းအောင် ပြုလုပ်နိုင်လျှင် ကမ္ဘာ့ရာသီဥတု ကောင်းမွန်တိုးတက်လာမည်ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက မကြာမီကထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။ (အင်တာနက်)

ဓမ္မသာကစ္ဆာအဖွဲ့ချုပ် (၃၁)ကြိမ်မြောက် သြဝါဒခံယူပွဲကျင်းပ

ရန်ကုန် မေ ၇

ရွှေတိဂုံစေတီတော်(စနေထောင့်) နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၃၁)ကြိမ်မြောက် သြဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကင်းမြို့နယ် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်ကြည်က အဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များ လျှောက်ထားပြီး သက်နှံအစရှိသော လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြပြီး တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသက ရေစက်ချ တရားချီးမြှင့်၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယနေ့ စာအောင်ဆုနှင်းသဘင်အခမ်းအနားတွင် အဘိဓမ္မာ ၂၅ ဦး၊ ဝိသုဒ္ဓိမဂ် ၁၈ ဦးနှင့် အဘိဓမ္မာ ဂုဏ်ထူးဆောင် ၂၂ ဦးတို့ အောင်မြင်ကြသည်။ ဆက်လက်၍ အသက် ၇၅ နှစ်အထက် အသင်းဝင် ၂၀ ကိုလည်း ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မေ ၇ ရက်က လှိုင်မြို့နယ် အမှတ် ၅ ရပ်ကွက် စေတနာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားဖွင့်ပွဲကို ယင်းစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်ဆန်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြသောင်းနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကြည်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

ကြက်တုပ်ကွေးရောဂါထိန်းချုပ် ကြက်ခြံများ၌ ပြန်လည်မွေးမြူရေး(Restocking)နှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက မွေးမြူသူများသို့အသိပေးနှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် မေ ၇

၂၀၀၆ ခုနှစ် မတ်လဆန်းမှစ၍ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့သဖြင့် မြို့နယ် ၁၃ မြို့နယ် အတွင်းရှိ ကြက်မွေးမြူရေးခြံ ၅၄၅ ခြံမှ ကြက်ကောင်ရေ ၃ ဒသမ ၄ သိန်းနှင့် ငုံးကောင်ရေ ၃ ဒသမ ၂ သိန်းကို ဖျက်ဆီးမြှုပ်နှံခဲ့သည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုကို ဧပြီလ လဆန်းပိုင်းမှ စတင်ထိန်းချုပ်နိုင်ခဲ့သဖြင့် ရောဂါရပ်စဲခဲ့သည့်ကာလ တစ်လခန့်ကြာမြင့်ပြီဖြစ်ရာ အချို့ကြက်မွေးမြူရေးခြံပိုင်ရှင်များမှ ရပ်နားထားခဲ့ရသည့် ကြက်၊ ငုံးခြံများကို ကြက်၊ ငုံးများ ပြန်လည်မွေးမြူရန် (Restocking) ဆန္ဒရှိကြသဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မွေးမြူသူများသို့ အသိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

အဆိုပါအသိပေးနှိုးဆော်ချက်တွင်–

ပိုးသတ်ခြင်း။ ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်စဉ်ကာလအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုး အကြွင်းအကျန်များ မရှိစေရေးအတွက် ဖျက်ဆီးသုတ်သင်ခြင်းခံရသော ကြက်ခြံ၊ ငုံးခြံများအား အချိန်ဇယားသတ်မှတ်၍ ပိုးသတ်ဆေးဖျန်းလျက်ရှိကြောင်းနှင့် ဆက်လက်ပက်ဖျန်းရန် လိုအပ်နေသေးကြောင်း။

ရောဂါစူးစမ်းရှာဖွေစစ်ဆေးခြင်း၊ ကြက်ကျန်းမာရေး စိစစ်ထောက်လှမ်းခြင်း။ ဖျက်ဆီးခံရသော ကြက်၊ ငုံးခြံများ၏ ပတ်ဝန်းကျင်နယ်နိမိတ်တစ်လျှောက် ကြက်၊ ငုံးမွေးမြူရေးခြံများရှိ ကြက်၊ ငုံးများထံမှ ရောဂါနမူနာရယူပြီး ကြက်ငှက်တုပ်ကွေးရောဂါပိုး လည်ပတ်ပျံ့နှံ့မှုရှိ/မရှိ၊ ရောဂါပိုးအကြွင်းအကျန်ရှိ/မရှိကို ကွင်းဆင်း ပုံမှန်လက္ခဏာစစ်ဆေးခြင်း၊ ဓာတ်ခွဲခန်းစစ်ဆေးခြင်း၊ ရောဂါစူးစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာတွင် ရောဂါပိုးများ မတွေ့ရှိရသော်လည်း ကြိမ်ရေတိုးမြှင့်၍ အခြားမွေးမြူရေးခြံများရှိ ကြက်၊ ငုံးများကိုလည်း ရောဂါစူးစမ်းစစ်ဆေးခြင်း၊ ကြက်ကျန်းမာရေး စိစစ်ထောက်လှမ်းခြင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

ပြန်လည်မွေးမြူခြင်း။ တစ်ကျော့ပြန် ရောဂါကျရောက်ဖြစ်ပွားလျှင် ထိခိုက်နစ်နာမှုများ ထပ်မံဖြစ်ပေါ်နိုင်သည်ကို ကာကွယ်သည့်အနေဖြင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်၏ တိရစ္ဆာန်ကျန်းမာရေး ကိုဥပဒေအရလည်းကောင်း၊ FAO ကျွမ်းကျင်ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု အကြံပြုချက်များအရလည်းကောင်း၊ ရောဂါဖြစ် နိုင်ငံများ အတွေ့အကြုံအပေါ် အခြေခံ၍ လည်းကောင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့၏ ရောဂါဖြစ်ဒေသအတွင်း ရောဂါထိန်းချုပ်ရပ်တန့်မှုရရှိသည့်နေ့မှစ၍ အနည်းဆုံး နှစ်လကြာမျှ စောင့်ကြည့်စစ်ဆေး၍ စိတ်ချရမှသာ ကြက်၊ ငုံးများမွေးမြူရေးကို ပြန်လည်မွေးမြူရေး၊ မျိုးသားပေါက်များနှင့် တိရစ္ဆာန်အစာထောက်ပံ့ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရောဂါကင်းရှင်းဒေသ။ တစ်ဆက်တည်းမှာပင် မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့အား ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းဒေသအဖြစ် ကြေညာရန်နှင့်ပတ်သက်၍ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်၏ တိရစ္ဆာန်ကျန်းမာရေး ကိုဥပဒေနှင့်အညီ အနည်းဆုံးခြောက်လ ရောဂါထပ်မံဖြစ်ပွားမှု မရှိဘဲ ရောဂါပိုးကင်းရှင်းမှသာ ရောဂါကင်းရှင်းနယ်မြေအဖြစ် လုပ်ထုံးလုပ်နည်းများအရ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်သို့ လျှောက်ထား၍ ရောဂါကင်းရှင်းရေးဒေသအဖြစ် အတည်ပြုချက်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာ ကြက်တုပ်ကွေးရောဂါ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်မှု။ ယခုအခါ FAO ၏ အစီအစဉ်အရ သြစတြေးလျနိုင်ငံမှ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေစစ်ဆေးရေး ကျွမ်းကျင်ပညာရှင်တစ်ဦးနှင့် ဗြိတိန်နိုင်ငံမှ ရောဂါပျံ့နှံ့မှု လေ့လာရေး ကျွမ်းကျင်သူပညာရှင်တစ်ဦးတို့သည် ၆–၅–၂၀၀၆ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး နှစ်လတာမျှ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ အဆိုပါရောဂါထိန်းချုပ်မြို့နယ်များသို့ ကွင်းဆင်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ထိန်းချုပ်မှုနှင့် ကင်းရှင်းမှုအခြေအနေများကို လေ့လာဖော်ထုတ်သွားကြမည်ဖြစ်ကြောင်း။

မွေးမြူသူပညာပေးလုပ်ငန်း။

အန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးနှင့် ဇီဝလုံခြုံမှုတိုးမြှင့်ခြင်း။ ကြက်ခြံတည်ဆောက်မှုနှင့် ကြက်အသစ်မသွင်းမီ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အာဏာပိုင်ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ငယ်များဖြင့် ရောဂါအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး၊ ဇီဝလုံခြုံမှုတိုးမြှင့်ရေး မွေးမြူသူများသို့ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ FAO, UNICEF အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ICE စနစ် သတင်းဖြစ်ပွားမှု Information၊ ဆက်သွယ်မှု Communication၊ ပညာပေးလုပ်ငန်းများ Education ဖော်ဆောင်မှု၊ KAP ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်မှုဆိုင်ရာ အသိပညာပေးအလေ့အကျင့် Knowledge Attitude Practice ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း။

အထောက်အကူပြု ဆက်သွယ်မှုစနစ်တည်ဆောက်ခြင်း။ ဆက်သွယ်မှုဆိုင်ရာကွန်ရက် Communication Network ကို APHISA Animal Production and Health Information System in ASEAN Countries သတင်းအချက်အလက်စနစ်၊ WAHIS World Animal Health Information System, ARAHIS Asean Region Animal Health Information System များအပေါ် အခြေခံတည်ဆောက်ခြင်း။

တိရစ္ဆာန်ကျန်းမာရေးသတိ။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း ဖျက်ဆီးသုတ်သင်ထားသည့် ကြက်၊ ငုံးမွေးမြူရေးခြံများကို ကြက်၊ ငုံး ပြန်လည်ဖြည့်ဆည်း မွေးမြူသည့်အစီအစဉ်အား ရောဂါကင်းရှင်းကြောင်း စိတ်ချရသည့်ကာလအထိ နောက်ထပ် အနည်းဆုံးနှစ်လခန့် စိစစ်ပြီးမှ ပြန်လည်မွေးမြူသွားရေးအစီအစဉ်လျာထားကြောင်း၊ ယင်းသို့ ပြန်လည်မွေးမြူသည့်အခါ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းကြောင်း ထောက်ခံချက်ထုတ်ပေးထားသည့် မျိုးကြက်၊ ငုံးခြံနှင့် ငုံးဥဖောက်စက်များမှ ထုတ်လုပ်သော ကြက်၊ ငုံးများကိုသာ မွေးမြူခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ဦးစီးဌာန၌ မှတ်ပုံတင်ထားမှုမရှိခြင်း၊ တိရစ္ဆာန် ကျန်းမာရေးထောက်ခံချက် မရရှိထားသည့် မျိုးခြံများနှင့် တရားမဝင်တင်သွင်းသည့် ကြက်၊ ငုံးသားပေါက်များကို ဖြည့်ဆည်းထည့်သွင်း မွေးမြူခွင့်ပြုမည်မဟုတ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် သက်ဆိုင်ရာ စီးပွားဖြစ် မွေးမြူသူများထံသို့အကြောင်းကြားထားကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

တစ်ပတ်အတွင်း သတင်းအတိုအထွာ

ရန်ကုန် မေ ၇

ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ဆရာတော် ဦးသာသန(ဓမ္မာစရိယ၊မဟာဝိဇ္ဇာ)တည်ထောင်သော ဓမ္မဗိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆုများကို ချီးမြှင့်လျက်ရှိရာ စိတ်ဝင်စားသူ ရဟန်းရှင်လူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားသည်။

ယင်းပြိုင်ပွဲတွင် သာသနာ့သမိုင်းစာပေဆု(ပ–ဒု–တ)၊ အထွေထွေ ဓမ္မစာပေဆု(ပ–ဒု–တ)၊ ဗုဒ္ဓတရား အင်္ဂလိပ်ဘာသာ စာပေဆု(ပ–ဒု–တ)၊ ဓမ္မယဉ်ကျေးမှုစာပေဆု(ပ–ဒု–တ)၊ ပိဋကတ်ကျမ်းစာ သုတေသနစာပေဆု(ပထမဆု)၊ ပုံနှိပ်ပြီး(ပထမဆု)နှင့် ဓမ္မာစရိယနှင့် ပါဠိပထမပြန်ပထမဆု(ရှစ်)ဆု၊ အမျိုးအစား ခုနစ်မျိုးတို့ကို ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်

ဒုတိယအကြိမ်မြောက် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲနှင့် ပထမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၌ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အောင်လက်မှတ်ချီးမြှင့်သည့် အခမ်းအနားကို ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် ရွှေညောင်ပင်တောရ ပရိယတ္တိစာသင်တိုက် ဓမ္မပါလကျောင်းဆောင်၌ ဧပြီ ၂၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းတွင် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော ကျောင်းသား ကျောင်းသူ ငါးဦး၊ နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၈ ဦးတို့အား သင်တန်းကြီးကြပ်ရေး ဆရာတော်များက ဆုချီးမြှင့်ကြပြီး ရိုးရိုးအောင်မြင်သော ကျောင်းသား ကျောင်းသူ ၃၁ ဦးတို့အား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ ဆွေးနွေး

နေပြည်တော်မြို့တော်၌ ပျဉ်းမနားခရိုင်နှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို မေ ၁ ရက်က ပျဉ်းမနားမြို့နယ်အသင်းရုံး၌ ကျင်းပကြသည်။

ဆွေးနွေးပွဲတွင် ပျဉ်းမနား၊ တပ်ကုန်းနှင့် လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် မြို့နယ်အလုပ်အမှုဆောင်များက မိမိတို့ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး စာစီစာကုံးပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း စာစီစာကုံးပြိုင်ပွဲကို ၂၀၀၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "Dont Desent Drylands" "သဲကန္တာရ တားဆီးရေး၊ ခြောက်သွေ့မြေများ ထိန်းသိမ်းပေး" **ဆောင်ပုဒ်နှင့်အညီ ကျင်းပမည်ဖြစ်သည်။**

ပညာပေးပို့စတာများကို (၁၅ x ၂၀) လက်မဆိုဒ် စက္ကူပေါ်တွင် ရောင်စုံဆေးဖြင့် ရေးဆွဲပြီး ပို့စတာတွင် ဆောင်ပုဒ်ကို ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ပို့စတာနောက်ကျော၌ ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံး သစ်တောဦးစီးဌာန ဦးစီးချုပ်ရုံးဝင်း ဘုရင့်နောင်လမ်းမကြီး အနောက်ကြို့ကုန်း အင်းစိန်မြို့နယ် ရန်ကုန်မြို့သို့ မေ ၂၃ ရက် ညနေ ၄ နာရီအရောက် နောက်ဆုံးထားပေးပို့ရမည် ဖြစ်သည်။

နှုတ်ခမ်းကွဲ၊အာခေါင်ကွဲ ခွဲစိတ်ကုသပေး

ပဲခူးတိုင်း(အနောက်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသည် မေ ၂ ရက် နံနက် ၉ နာရီက ပြည်မြို့နယ် ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အထူးကုဆရာဝန်ကြီးများနှင့် နိုင်ငံခြားသား ခွဲစိတ်ဆရာဝန်ကြီးများက ခွဲစိတ်ကုသနေမှုတို့ကို လိုက်လံ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(ကိုးကား–သတင်းစဉ်)**

ကမ္ဘာ့ကြက်ခြေနီနေ့

၂၀၀၆ခုနှစ်၊ မေလ(၈)ရက်

World Red Cross Day

8th May, 2006

"Universal assistance through Volunteering"

"ကမ္ဘာအနှံ့ကူညီရေး၊ ကြက်ခြေနီက ဆောင်ရွက်ပေး"

မြန်မာနိုင်ငံကြက်ခြေနီအသင်း

✡ ရှေ့ဖုံးမှ

တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စိုက်ပျိုးကြီးကြပ်မှုကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မိုင်တိုင်၂၅ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား စစ်ကိုင်းတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုအခြေအနေကို တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်ကလည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုအခြေအနေများကို တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးစိုးလွင်ကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စစ်ကိုင်းတိုင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ဧရိယာဧကေါင်းသိန်းကို ၂၀၀၆ခုနှစ်တွင် ဧက ၁၇၅၀၀၀၊ ၂၀၀၇ခုနှစ်တွင် ဧက ၁၇၅၀၀၀၊ ၂၀၀၈ခုနှစ်တွင် ဧက ၁၅၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ရာ သတ်မှတ်စိုက်ဧက ပြည့်မီကျော်လွန်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့သည် သတ်မှတ်နေရာအသီးသီး၌ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးကြပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးပြီးစီးမှုတို့ကို ခြံစည်းရိုးကြက်ဆူပင် အထူးဇုန်စိုက်ကွင်းဧက ၂၄၀၀ရှိ ရှုရပ်မျှော်စင်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုးကြက်ဆူ အထူးဇုန်စိုက်ကွင်းဧက၂၄၀၀၌ အသုံးပြုမည့် ဆေးဖျန်းပုံး၊ ကိုင်းဖြတ်ကတ်ကြေး၊ အရွက်ဖျန်းအားဆေးများ၊ ဟော်မုန်းဆေးများ၊ မှိုရောဂါသတ်ဆေးများ၊ ပိုးသတ်ဆေးများ စသည့် ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းရှိ ဌာနဆိုင်ရာများနှင့် မုံရွာစက်မှုဇုန်တို့၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများသို့ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြကာ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တစ်ဆက်တစ်စပ်တည်း

အဆိုပါ အထူးဇုန်စိုက်ကွင်းသည် မုံရွာ–ယာကြီး–ကလေးဝလမ်း၊ အလောင်းတော်ကဿပလမ်းဆုံအနီးတွင်ရှိပြီး မြေလွတ်မြေရိုင်း ဧက ၆၅၀၀၀ ကျော်ခန့် ကြက်ဆူစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ပထမအဆင့်အနေဖြင့် ဧက၂၄၀၀ တစ်ဆက်တစ်စပ်တည်း စတင်စိုက်ပျိုးခြင်း ဖြစ်ပြီး ဆက်လက်၍ ယခုနှစ်တွင် ဧက ၁၅၀၀၀ထိတိုးချဲ့သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းရှင်များ အနေဖြင့် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးနိုင်သော မြေနေရာဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ ၁၅မိနစ်တွင် မုံရွာ–ယာကြီး–ကလေးဝလမ်း မိုင်တိုင် အမှတ်(၁၈/၀)အနီး၌ ကျင်းပသည့် ကနီမြို့နယ် ချောင်းမ ကြက်ဆူစံပြကျေးရွာ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြရာ ကနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး စိုးအောင်က ခြံစည်းရိုးကြက်ဆူ စံပြကျေးရွာအဖြစ် စိုက်ပျိုးမှုကိုရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးရွာအတွက် လိုအပ်မည့် စက်သုံးဆီလိုအပ်ချက်များကို တွက်ချက်၍ စိုက်ပျိုးရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ချောင်းမကြက်ဆူစံပြကျေးရွာမှ ဒေသခံပြည်သူများ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ချောင်းမကြက်ဆူစံပြကျေးရွာသို့ရောက်ရှိကြပြီး ကျေးရွာအတွင်းနှင့် ချောင်းမကြက်ဆူစံပြ ပျိုးဥယျာဉ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ အဆိုပါပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူမျိုးကိုင်း ပျိုးပင် ၂၀၀၀နှင့် မျိုးစေ့ပျိုးပင်၄၈၀၀၀တို့ကို ပျိုးထောင်ထားရှိသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံရွာ–ယာကြီး–ကလေးဝလမ်း မိုင်တိုင်အမှတ်(၁၂/၃)အနီးရှိ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မစိုက်ခင်းသို့ရောက်ရှိကြပြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်က စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့ ခြံစည်းရိုးကြက်ဆူပင်ဧက ၂၀၀နှင့် မုံရွာခရိုင်ရဲတပ်ဖွဲ့ ဧက၁၀၀ စိုက်ပျိုးသွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မုံရွာလေဆိပ်အနီးရှိ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုး ကြက်ဆူပင်မျိုးသန့်ထုတ်လုပ်ရေး စိုက်ခင်းသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရှုရပ်မျှော်စင်ပေါ်မှ ကြက်ဆူပင်မျိုးသန့်ထုတ်လုပ်ရန် စိုက်ပျိုးထားသောစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ မျိုးသန့်ထုတ်လုပ်ရေး စိုက်ခင်းတွင် ကြက်ဆူပင်၇၁၃၀ကို စိုက်ပျိုးထားရှိသည်။

တွေ့ဆုံမှာကြား

ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မွန်းလွဲပိုင်းတွင် မုံရွာတပ်နယ် ဇေယျာသီရိခန်းမ၌ မုံရွာတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာတပ်နယ် ဇေယျာသီရိခန်းမ၌ မုံရွာတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် စင်ကာပူကျောင်းတိုက် ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပမည်

ရန်ကုန် မေ ၇

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုဒ္ဓ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူလျက် ပုဇွန်တောင်မြို့နယ် အမှတ်(၅) ရပ်ကွက် စင်ကာပူကျောင်းတိုက်ကြီး၏ ပုရဝဏ်အတွင်း မင်္ဂလာကန်တော်နှင့်ကပ်လျက် တည်ထားကိုးကွယ်လျက်ရှိသော မြတ်စွာဘုရားများနှင့် ဗောဓိညောင်ပင်အား ညောင်တန်းအိမ်ရာမိသားစုများ၏ စတုတ္ထအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့် မေ ၁၁ ရက် ညနေ ၄နာရီခွဲမှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ကုသိုလ်ယူနိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား စက်ဘီးစီးပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ကကြီးမှူး၍ (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား စက်ဘီးစီးပြိုင်ပွဲကို မေ ၂၂ရက်မှ ၂၇ရက်အထိ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်းဝင်းရှိ စက်ဘီးပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏ ကွင်းတွင်း(တာတို) ပြိုင်ပွဲများကို မေ ၂၂ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ အမျိုးသား၊ အမျိုးသမီးမီတာ ၁၀၀၀ တစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၈၀၀၊ မီတာ ၁၆၀၀၊ မီတာ ၄၈၀၀နှင့် မီတာ ၁၀၀၀၀ အုပ်စုတစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၄၀၀၀ တစ်ဦးချင်းအမီလိုက် ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

အမျိုးသားကီလိုမီတာ ၁၆၀နှင့် အမျိုးသမီး ကီလိုမီတာ ၈၀ တာဝေးစက်ဘီးစီးပြိုင်ပွဲကို မေ ၂၇ရက် နံနက်ပိုင်းတွင် ရန်ကုန်–ပုသိမ် တာလမ်းမပေါ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစက်ဘီးစီးပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့် စက်ဘီးအားကစားမောင်မယ်များသည် မေ ၁၉ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်မြင့်ထံသို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် (ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်းဝင်းရှိ သုဝဏ္ဏ စက်ဘီးပြိုင်ကွင်း)သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

မေ ၂၆ရက်တွင် အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အမှုဆောင်များ၊ မြန်မာနိုင်ငံ စက်ဘီးအားကစား တိုးတက်မြင့်မားရေးအတွက် ဆွေးနွေးအကြံပြုပွဲကို လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပရီမီယာလိဂ်ပွဲပိတ် မန်ယူနှင့် အာဆင်နယ်နိုင်၊ ချယ်လ်ဆီး ရှုံးနိမ့်

ရန်ကုန် မေ ၇

မန်ယူ	**လေးဂိုး**	**–**	**ချာလ်တန်**	**ဂိုးမရှိ၊**
အာဆင်နယ်	**လေးဂိုး**	**–**	**ဝီဂန်**	**နှစ်ဂိုး၊**
နယူးကာဆယ်	**တစ်ဂိုး**	**–**	**ချယ်လ်ဆီး**	**ဂိုးမရှိ။**

(မြန်မာ့အလင်း)

မိခင်ကြီးဒေါ်ကျင်ပိုးအားရည်စူး၍ အမှတ် ၇၁ (အေ) ၎ဝါလမ်း အလုံမြို့နယ်နေ ဦးမြင့်ဆွေမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ်ငါးသိန်းတန်ဖိုးရှိ မျက်စိခွဲစိတ် ခန်းသုံးပစ္စည်းများ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။
(က–ပ)

အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ တာဝန်ထမ်းဆောင်ရန် ဒိုင်ကြီးကြပ်သူ ထွက်ခွာ

ရန်ကုန် မေ ၇

မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ် ကူချမ်းမြို့၌ မေ၁၀ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ (AFC President's Cup 2006)တွင် ဒိုင်လူကြီးကြီးကြပ်သူအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီး ကြီးကြပ်သူ ဦးထွန်းလှအောင် (လျှပ်စစ်စွမ်းအား)သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါပြိုင်ပွဲ တာဝန်ထမ်းဆောင်ရန်အတွက် အာရှဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးများကို တာဝန်ပေးအပ်ထားရာတွင် ဘာရိန်း၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် မော်လဒိုက်တို့မှ တစ်ဦးစီ၊ အိန္ဒိယနှင့် ထိုင်းတို့မှ နှစ်ဦးစီပါဝင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

❒ **ရှေ့ဖုံးမှ**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း ပြောကြားပြီး လိုအပ်သည်များမှာကြားကာ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

သီးညှပ်စိုက်ခင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့်အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မျိုးသန့်သုတေသန သီးညှပ်စိုက်ခင်းသို့ ရောက်ရှိကြပြီး သီးထပ်သီးနှံများဖြစ်သော နာနတ်၊ လိုက်ချီး၊ ခြံစည်းရိုးကြက်ဆူနှင့် ပျားလိမ္မော်ပင်များကို ရှုရပ်မျှော်စင်မှ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အဖွဲ့ဝင်များသည် သုတေသနကြက်ဆူပျိုးဥယျာဉ်သို့ ရောက်ရှိ၍ ပျိုးဥယျာဉ်အတွင်း ပျိုးပင် ၁၂၀၀၀ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပျိုးဥယျာဉ်ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ပျိုးဥယျာဉ်ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းအား တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း စိုက်ပျိုးမည့် ခြံစည်းရိုးကြက်ဆူပင်ကို သုံးနှစ်အတွင်း ဧက ငါးသိန်းပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရန်လျာထားဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အဖွဲ့ဝင်များသည် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ခြံစည်းရိုးကြက်ဆူပင်ဝေငှ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်တို့က တပ်နယ်တပ်ရင်းတပ်ဖွဲ့မှူးများ၊ မိသားစုဝင်များသို့ ခြံစည်းရိုးကြက်ဆူပင်များ ဝေငှပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်တို့သည် စိုက်ကွက်အလိုက် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြပြီး ခြံစည်းရိုးကြက်ဆူဆီဖြင့် ကျေးလက်မီးလင်းရေးအစီအမံများ၊ နှစ်လုံးပြိုင်မီးဖို၊ မီးအိမ်တို့ဖြင့် သရုပ်ပြသမှုများနှင့် စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ပျိုးပင်တစ်သိန်း

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်တွင် ကြက်ဆူပင်ပျိုးပင်ပေါင်း တစ်သိန်းစိုက်ပျိုးကြကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)နယ်မြေအတွင်း ခြံစည်းရိုးကြက်ဆူပင်ဧကငါးသိန်းစိုက်ပျိုးသွားမည်ဖြစ်ရာ ဧက ၃၀၀၁၈ဧကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ခြံစည်းရိုးကြက်ဆူကိုင်းပျိုးပင်ပေါင်း ၃၄၆၂၃၈၉ပင်၊ မျိုးစေ့ပျိုးပင် ၂၉၀၈၆၀၀နှင့် မျိုးစေ့၂၅၁၉၃သလမ ၆၁တင်း စုဆောင်းပြီးဖြစ်ကြောင်းသိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် နမ္မတူမြို့နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး နယ်မြေခံတပ်ရင်းအောင်စစ်သည်ခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံကာ လိုအပ်သည်များ မှာကြားပြီး တပ်ရင်းမိသားစုဝင်များအား အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နမ္မတူ-မန်တုံလမ်းအတိုင်း ဆက်လက်ထွက်ခွာကြပြီး လမ်းဘေးဝဲယာ၌ သီးနှံများစိုက်ပျိုးဖြစ်ထွန်းမှုနှင့် လမ်းတံတား အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မွန်းလွဲပိုင်းတွင် မန်တုံမြို့ နယ်မြေခံ တပ်ရင်းသို့ ရောက်ရှိကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မန်တုံမြို့ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံရာ ရှေးဦးစွာ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်ဦးအိုက်မုံးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် မန်တုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဆွေက မန်တုံမြို့၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဦးတီယာလ်အုပ်က ပညာရေးဆိုင်ရာဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် မန်တုံဒေသအတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာပြီး နယ်မြေအေးချမ်းတည်ငြိမ်မှုနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပါ တိုးတက်အောင်မြင်မှုများ တွေ့မြင်ရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို စေတနာထား၍ အောက်ခြေဝန်ထမ်း အဆင့်ဆင့်ထိ ရှင်းပြပြီး နယ်မြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များကို ယခင်ကထက် ပိုမို၍ ကြိုးပမ်းထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း၊ ထို့အပြင် မိမိဌာနဆိုင်ရာလုပ်ငန်းများအပြင် မိမိ ရောက်ရှိရာ ဒေသတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပါ လေ့လာကြပြီး ကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ရော်ဘာနှင့်ဒေသနှင့် ကိုက်ညီမည့် သီးနှံများစိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်မြင်ရေးအတွက် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒေသခံတိုင်းရင်းသား ခေါင်းဆောင်ဦးအိုက်မုံးအား ဂုဏ်ပြုသစ်သီးခြင်းလက်ဆောင်ပေးအပ်ပြီး ဆရာဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ဝတ်စုံများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထောက်ပံ့ငွေပေးအပ်

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ဒေသခံတိုင်းရင်းသားအဖွဲ့အား နိုင်ငံတော်မှ ဂုဏ်ပြုထောက်ပံ့ငွေများကို ပေးအပ်ရာ နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးမျိုးလှနှင့် ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုံးတို့က လက်ခံရယူကြသည်။

ကျောက်မဲခရိုင် မန်တုံမြို့နယ်တွင် ၂၀၀၅-၂၀၀၆ခုနှစ်၌ မိုးသီးနှံဧက ၂၂၆၆၀စိုက်ပျိုးနိုင်ခဲ့ပြီး ဆောင်းသီးနှံအဖြစ် ၂၆၇၅ဧကစိုက်ပျိုးရန်လျာထား စိုက်ပျိုးခဲ့ကြောင်း၊ ယခင်နှစ်က ဆင်းရွှေလီအထွက်ကောင်းစပါးဧက ၈၀၀စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဆင်းရွှေလီ Rမျိုး ၃၇၃ဧကနှင့် ဆင်းရွှေလီ Fမျိုး ဧက၁၀၀စိုက်ပျိုးသွားရန်လျာထား ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၄-၂၀၀၅ခုနှစ်တွင် စပါးတင်း ၆၅၈၁၀၈တင်းထွက်ရှိခဲ့ပြီး ဒေသဝမ်းစာဖူလုံမှုမှာ ၁၁၈ဒသမ၄၆ရာခိုင်နှုန်းရှိကြောင်း။

မန်တုံမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် ၂၀၀၆-၂၀၀၇ခုနှစ်၌ ဧက၅၀၀စိုက်ပျိုးရန်လျာထားခဲ့ရာ ၇၉ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး မျိုးစေ့ပျိုးပင်၇၂၀၀၀၊ မျိုးကိုင်းပျိုးပင် ၃၃၀၀၀၊ မျိုးစေ့နှစ်တင်းနှင့် မျိုးကိုင်း ၂၀၀၀၀စုဆောင်းထားရှိပြီး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

ညှိနှိုင်းဖြည့်ဆည်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် မန်တုံမြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ မြို့နယ်ဆရာဝန်ဒေါက်တာချိုနိုင်နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး ဆေးရုံတွင်း ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးဝါးပစ္စည်းသိုလှောင်ခန်းတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်း မှာကြား ဖြည့်ဆည်းပေးပြီး ခွဲစိတ်ကုသခံလူနာများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မန်တုံမြို့အောင်မင်္ဂလာမြို့လယ်ကျောင်းသို့ ရောက်ရှိပြီး မြို့လယ်ကျောင်းဆရာတော် ဦးအဂ္ဂဉာဏနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မန်တုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မန်တုံမြို့ နယ်မြေခံတပ်ရင်း တိမ်ကြားမင်းခေါင်ခန်းမ၌ နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့်မိသားစုဝင်များအားတွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ဆက်လက်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း နမ္မတူမြို့ နယ်မြေခံတပ်ရင်းရှိ မိသားစုဝင်များအတွက် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ပူဇော်ပွဲ

ရန်ကုန် မေ ၇

၂၀၀၆ခုနှစ် မတ် ၁၃ရက်၌ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ရရှိတော်မူထားသည့် ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တသောဘိတ မထေရ်မြတ်ကြီးအား (၁၃၆၈ ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်) မေ ၁၄ရက် (တနင်္ဂနွေနေ့)တွင် ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက်၌ တပည့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ပူဇော်ပွဲသဘင် ဆင်ယင်ကျင်းပသွားမည်ဖြစ်ရာ ပါဝင်ပူဇော်နိုင်ကြစေရန် တပည့်အပေါင်းတို့အား ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက နိုးဆော်ထားသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၈)ဖြန့်ချိ

ရန်ကုန် မေ ၇

ဖလားဝါး နယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၈) ကျောင်းဖွင့်ချိန် အထူးကဏ္ဍတွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ချောင်းသာကမ်းခြေ လေပြင်းတိုက်ခတ်ခံခဲ့ရသော်လည်း ခရီးသွားလုပ်ငန်းများ ပုံမှန်ပြန်ဖြစ်၊ အခြေခံပညာ အထက်တန်းအဆင့် သင်ရိုးများ ပြောင်းလဲရန် အစီအစဉ်မရှိ၊ ဒဂုံမြို့သစ်တွင် ဖြစ်ပွားခဲ့သော လူသတ်မှု တရားခံများအား ၇၂နာရီအတွင်း ဖမ်းဆီးရမိ၊ ကျောင်းဖွင့်ချိန်အတွက် ကျောင်းသား မိဘများနှင့် ကျောင်းသူ ကျောင်းသားများကြိုတင်ပြင်ဆင်နိုင်ရန် ယင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ စသည်ဖြင့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ကလေးများ အဝလွန် ကပ်ရောဂါကြို၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အစားစရိုက်ဆိုးကို စစ်ကြေညာ၊ မျက်နှာအစားထိုး အမျိုးသမီးတွင် မျက်နှာသစ် အစစ်အမှန်ရပြီ၊ အင်တာနက် အီးမေးလ် ပေါ်မှ စျေးကွက်တင်ဂျက်တိုက်လေယာဉ်ကို အရပ်သားတစ်ဦး ဝယ်ယူ၊ကျောက်ပုစွန်အပေါ် ရက်စက်မှုဖြင့် အီတလီစား သောက်ဆိုင် ဒဏ်ရိုက်ခံရ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၂၂၆၈၅၈ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှ**

အဆိုပါ အခမ်းအနားသို့ ရွှေကူမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် NLD ပါတီမှ နုတ်ထွက်သူများ အပါအဝင် စုစုပေါင်းအင်အား ၈၀တက်ရောက်ကြပြီး ရွှေကူမြို့နယ် သဘော်အင်းကျေးရွာအုပ်စု ကျွန်းတောကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်/ကျေး အတွင်းရေးမှူး ဦးညွန့်မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ထို့နောက် NLDမှ နုတ်ထွက်သူ ပါတီဝင်၆၇ဦးတို့၏ ကိုယ်စား ရွှေကူမြို့ အမှတ်(၁)ရပ်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်/ကျေး ဥက္ကဋ္ဌ ဦးသာဌေးက NLD ပါတီမှ ၎င်းတို့နုတ်ထွက်ရခြင်း အကြောင်းကို ရှင်းလင်း ပြောကြားသည်။

ယင်းသို့ရှင်းလင်းပြောကြားရာ၌ ၎င်းတို့အနေဖြင့် ပါတီနိုင်ငံရေးကို သန့်သန့်ရှင်းရှင်းလုပ်ဆောင်ရင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏ အကျိုးကို ဖော်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် NLDပါတီသို့ ဝင်ရောက်ဆောင်ရွက်ခဲ့ကြကြောင်း၊ သို့ရာတွင် NLD ၏ယနေ့ လုပ်ရပ်များသည် ပြည်ပကိုသာ မှီခိုအားထားနေပြီး ပြည်တွင်း၌ နိုင်ငံတော်အစိုးရ၏ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ထွန်းအောင်မြင်မှုများကို အဖျက်သဘောနှင့် အဆိုးမြင်ဝါဒဖြင့်သာ ရှုမြင်ကာ ဝေဖန်ပုတ်ခတ်လျက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်း လုပ်ဆောင်ရန် NLD(ဗဟို)၏ ညွှန်ကြားမှု လုံးဝမရှိသည့်အပြင် ပါတီဝင်များကလည်း ပါဝင်လုပ်ဆောင်မှုမရှိသဖြင့် ပြည်သူလူထုနှင့် ကင်းကွာလျက်ရှိကြောင်း၊ NLD ပါတီအတွင်း၌ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုရှိနေပြီး စိတ်ဝမ်းကွဲပြားမှု၊ ဂိုဏ်းဂဏကွဲပြားမှုနှင့် အချင်းချင်းပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ ပိုမိုများပြားလာကာNLD၏ နိုင်ငံရေးရပ်တည်မှု အနေအထားမှာ မူလလမ်းကြောင်းမှ သွေဖည်လျက်ရှိနေကြောင်း၊ ပြည်ပြေးအဖွဲ့များ၊ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားအဖွဲ့များနှင့် NLD တို့၏ ဆက်စပ်ပတ်သက်မှုများကိုလည်း သိရှိလာရကြောင်း၊ NLD သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးကို မျက်ကွယ်ပြုပြီး မှားယွင်းသောလုပ်ရပ်များကိုသာ တစိုက်မတ်မတ် လုပ်ဆောင်နေခြင်းတို့ကြောင့် NLD ပါတီမှ နုတ်ထွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ NLD မှ နုတ်ထွက်သူ ပါတီဝင် ၆၇ဦးကိုယ်စား ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်စည်းရုံးရေးကော်မတီဝင် ဦးရဲမြင့် (အမှတ်-၂ရပ်ကွက်၊ရွှေကူမြို့)က နုတ်ထွက်လွှာများနှင့် NLD ပါတီတွင် ဆောင်ရွက်ခဲ့စဉ်က အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများကို ရွှေကူမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌထံ ပေးအပ်ပြီး မွန်းလွဲ ၂နာရီတွင် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၈-၅-၂၀၀၆ရက်
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀	၈။	အဆိုပြိုင်ပွဲ
၈:၂၅	၉။	ကျောက်တစ်လုံး ရေကူရေလှောင်တမံ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Grammar made Easy
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇:၀၀	၅။	အကပဒေသာ
၁၇:၁၀	၆။	မြန်မာ့ရိုးရာတောလေ့ကျေးလက်တေးသံများ
၁၇:၂၅	၇။	မြန်မာစာ မြန်မာစကား
၁၇:၃၅	၈။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၇:၄၅	၉။	**"ဆွေမျိုးတော်ပေမယ့်"** ဒုရဲမှူးတင်လင်း၊ ဆောင်းအိမ်မြွေထွန်း၊ ဗေဒါ (ဒါရိုက်တာ-သက်တင်)
၁၇:၅၀	၁၀။	ကမ္ဘာ့ကြက်ခြေနီနေ့တေးများ
၁၈:၀၀	၁၁။	ညနေခင်းသတင်း
၁၈:၂၀	၁၂။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၃။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၈:၄၅	၁၄။	တေးဂီတအစီအစဉ်
၁၉:၀၀	၁၅။	တိုးတက်သာယာ ထိန်တောစံပြကျေးရွာ
၁၉:၀၅	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာနုနု"** (အပိုင်း-၉)
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"**(အပိုင်း-၁၁)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ကမာရွတ်မြို့နယ်၌ ဂက်စ်မီးဖိုမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

ရန်ကုန် မေ ၇

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၁)ရပ်ကွက် အောင်လှရိပ်သာလမ်း အမှတ် (၄၉) အေ-၁ ရှိ အမျိုးသမီးဘော်ဒါဆောင် အပေါ်ထပ်၌ ယနေ့ည ၇နာရီ ၃၈မိနစ်ခန့်တွင် ဂက်စ်မီးဖိုမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ၁၂စီးအချိန်မီ လာရောက်ငြိမ်းသတ်သဖြင့် ည ၈နာရီတွင် မီးငြိမ်းသွားခဲ့သည်။

မီးငြိမ်းသတ်နိုင်ခဲ့

အဆိုပါ မီးလောင်မှုကြောင့် အိမ်အပေါ်ထပ် အပိုင်းတွင်သာ မီးလောင်ခံရပြီးအချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့မှုကြောင့် အခြားသို့ မီးကူးစက်လောင်ကျွမ်းမှု မရှိခဲ့ကြောင်း သိရှိရသည်။

စီမံဆောင်ရွက်ပေး

အခင်းဖြစ်ပွားရာသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ်ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ် ဝေလွင်နှင့် တာဝန်ရှိသူများ ရောက်ရှိကြပြီး မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေးကိစ္စများကို စီမံဆောင်ရွက်ပေးခဲ့ကြသည်။

မီးလောင်ကျွမ်းမှုကြောင့် လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကမ္ဘာအနှံ့ ကူညီပေးနေသော ကြက်ခြေနီ

တက္ကသိုလ် ဇော်ထူးဦး

၂၀၀၆ခုနှစ် မေလ ၈ ရက်နေ့သည် ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်သည်။

လူသားချင်းစာနာမှုဖြင့် ကရုဏာလုပ်ငန်းများကိုဆောင်ရွက်ကြရန် စိတ်ကူးကာ အကြံဉာဏ်ပေးခဲ့သူ ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်၏ မွေးနေ့ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၁၈၅၉ ခုနှစ် အီတလီနိုင်ငံ တောင်ပိုင်း လွမ်ဘာဒီဒေသတွင်ဖြစ်ပွားခဲ့သော ဆိုဖာရီနိုစစ်ပွဲမှ စတင်သန္ဓေတည်ခဲ့သော ကြက်ခြေနီလှုပ်ရှားမှုသည် ယနေ့တွင် နှစ်ပေါင်း ၁၄၀ကျော်ခဲ့ပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံပေါင်းစုံက အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကြက်ခြေနီအနေဖြင့် အလေးနက်ထားကာ ဆောင်ရွက်လျက်ရှိသည်။

ကြက်ခြေနီလှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းဆောင်ရွက်ကြရာတွင် လေးစားလိုက်နာကြရမည့် ကြက်ခြေနီအခြေခံမူ(၇)ချက်မှာ-

လူမှုကရုဏာဖြင့် စာနာခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်စွာ ဆောင်ရွက်ခြင်း၊ စေတနာဖြင့် အကျိုးဆောင်ခြင်း၊ တစ်ခုတည်းသော စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်ဝန်းလွှမ်းခြုံခြင်းတို့ ဖြစ်သည်။

ဖော်ပြပါ အခြေခံမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေသော ကြက်ခြေနီသည် အစဦးတွင် စစ်ပွဲများအတွင်း ထိခိုက်ဒဏ်ရာရသူ နာမကျန်းဖြစ်သူ စစ်သည်တော်များအား ပြုစုရန်နှင့် အကာအကွယ်ပေးရန် ရည်ရွယ်ခဲ့ရာမှ ယနေ့အချိန်အခါတွင် လူသားအားလုံး၏ ကျန်းမာရေးနှင့် လူမှုဒုက္ခများကို နည်းပါးသက်သာစေရန် ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ၁၈၆၃ခုနှစ်၌ ကြက်ခြေနီ၏ ပထမဆုံးအဖွဲ့ဖြစ်သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ပေါ်ပေါက်လာခဲ့ပြီး ၁၈၆၄ ခုနှစ် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ကျင်းပသော သံတမန်ညီလာခံတွင် ဥရောပ၁၂ နိုင်ငံက လက်မှတ်ရေးထိုးကာ ပထမ ဂျီနီဗာသဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ထို့နောက် ၁၉၀၆ခုနှစ်တွင် ဒုတိယစာချုပ်ကိုလည်းကောင်း၊ ၁၉၂၉ ခုနှစ်တွင် တတိယစာချုပ်ကို လည်းကောင်း၊ ၁၉၄၉ခုနှစ်တွင် စတုတ္ထစာချုပ်ကိုလည်းကောင်း ချုပ်ဆိုခဲ့ကြသည်။

ထို့နောက် ၁၉၄၉ခုနှစ်တွင် ယခင်ရေးဆွဲခဲ့သော သဘောတူစာချုပ်များအား ခေတ်နှင့်အညီ ပြင်ဆင်ဖြည့်စွက်ကာ "၁၉၄၉ခုနှစ် ဩဂုတ်လ ၁၂ရက် ဂျီနီဗာသဘောတူစာချုပ်များ" ဟု အမည်တွင်ခဲ့သည်။ ယင်းစာချုပ်များမှာ-

- ပထမစာချုပ်သည် စစ်မြေပြင်တွင် ဒဏ်ရာရသူ၊ နာမကျန်းဖြစ်သူ စစ်သည်များအား ပြုစုစောင့်ရှောက်ပေးရန်နှင့် ကြက်ခြေနီ အမှတ်အသားကို အကာအကွယ်ပေးသည့် အမှတ်အသားအဖြစ် အသုံးပြုရန် ဖြစ်သည်။
- ဒုတိယစာချုပ်သည် ပင်လယ်ပြင်တွင် ဒုက္ခရောက်နေသော စစ်ဘက်ဆိုင်ရာ သင်္ဘောများမှ ဒဏ်ရာရသူ၊ နာမကျန်းဖြစ်နေသူများအား ပြုစုစောင့်ရှောက် ကူညီရန်ဖြစ်သည်။
- တတိယစာချုပ်သည် စစ်ပွဲများအတွင်း လက်နက်ချအညံ့ခံသော စစ်သုံ့ပန်းများအား အကာအကွယ်ပေးရန်ဖြစ်သည်။
- စတုတ္ထစာချုပ်သည် စစ်မက်ဖြစ်ပွားစဉ် အရပ်သားများအား အကာအကွယ်ပေးရန် ဖြစ်သည်။

ဆက်လက်၍ ၁၉၇၇ခုနှစ်တွင် နောက်ဆက်တွဲ စာချုပ်နှစ်ခုကိုလည်း ထပ်မံချုပ်ဆိုခဲ့ကြသည်။ အဆိုပါစာချုပ်များကို အမျိုးသားကြက်ခြေနီအသင်းများ၏သက်ဆိုင်ရာနိုင်ငံအစိုးရများက လက်မှတ်ရေးထိုးကြရသည်။ ၁၉၄၉ ခုနှစ် ဂျီနီဗာ သဘောတူစာချုပ် လေးခုကို ၁၉၁နိုင်ငံက လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၂ခုနှစ် ဩဂုတ်လ ၂၅ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ လက်မှတ်ရေးထိုးထားသော နိုင်ငံအစိုးရများသည် စာချုပ်ပါပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရသည့်အပြင် လက်နက်ကိုင် အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပြည်သူလူထုများ သိရှိစေရန်လည်း ဆောင်ရွက်ပေးကြရသည်။

၁၉၉၃ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် ဆွစ်ဇာလန်နိုင်ငံအစိုးရတို့ကမကထပြု၍"စစ်ဘေးဒုက္ခသည်များ ကာကွယ်စောင့်ရှောက်ရေး အပြည်ပြည်ဆိုင်ရာညီလာခံ"တစ်ရပ်ကို ကျင်းပခဲ့ရာ ဂျီနီဗာသဘောတူစာချုပ်များအား လက်မှတ်ရေးထိုးထားသည့် နိုင်ငံများ တက်ရောက်ကြပြီး ယင်းညီလာခံမှ "အပြည်ပြည်ဆိုင်ရာ လူမှုကရုဏာ ဥပဒေ"ကို ပြဋ္ဌာန်းသတ်မှတ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လူမှုကရုဏာ ဥပဒေတွင် စစ်မက်ဖြစ်ပွားစဉ် စစ်ပွဲတွင်ပါဝင်သူများနှင့် စစ်ပွဲနှင့်မပတ်သက်သော အရပ်သားများအား အကာအကွယ်ပေးရေးနှင့် စစ်ဆင်ရေးဆိုင်ရာကန့်သတ်မှုများ ပါဝင်သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီသည် ဖော်ပြပါ ကြက်ခြေနီအခြေခံမူများ၊ ဂျီနီဗာသဘောတူစာချုပ်များ၊လူမှုကရုဏာ ဥပဒေများအား အစိုးရများနှင့် အမျိုးသားကြက်ခြေနီအသင်းများက လေးစားလိုက်နာမှုရှိ စေရန်တိုက်တွန်းလျက်ရှိသည့်အပြင် လူတို့ကြောင့်ဖြစ်ပွားသည့် ပဋိပက္ခများမှ ပေါက်ပွားလာသော ဘေးဒုက္ခများကိုလည်း ကူညီပေးသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းသည် အမျိုးသားအသင်းများအဖွဲ့ဖြစ်ပြီး ယနေ့အချိန်တွင် အဖွဲ့ဝင် ၁၈၃နိုင်ငံပါဝင်ဖွဲ့စည်းထားသည်။ သဘာဝဘေးကြောင့် ကြုံတွေ့ရသည့် ဘေးဒုက္ခများကို ကူညီပေးပြီး ကျန်းမာရေးအဖွဲ့ဝင် အမျိုးသားကြက်ခြေနီ အသင်းများ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

အမျိုးသားအသင်းများတွင် ကြက်ခြေနီနှင့် လခြမ်းနီအသင်းဟူ၍ ပါဝင်သည်။ နိုင်ငံအများစုသည် ကြက်ခြေနီအမှတ်အသားကို အသုံးပြုကြပြီး အစ္စလာမ်ဘာသာ ကိုးကွယ်သောနိုင်ငံများကမူ ကြက်ခြေနီအစား လခြမ်းနီအမှတ်အသားကို အသုံးပြုသည်။ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများသည် အစိုးရ၏ အရန်အဖွဲ့အဖြစ် နိုင်ငံအတွင်း လူမှုကရုဏာ လုပ်ငန်းများကို လုပ်ဆောင်ကြရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၂၀ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ သို့သော် အိန္ဒိယကြက်ခြေနီအသင်း၏ အသင်းခွဲတစ်ခုအဖြစ်သာ ရှိခဲ့သည်။ ၁၉၃၇ခုနှစ်တွင် အမျိုးသားကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ခဲ့သည်။ ၁၉၃၉ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီက အမျိုးသားကြက်ခြေနီအသင်းတစ်သင်းအဖြစ် အသိအမှတ်ပြုခဲ့သည်။ ၁၉၄၆ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းသို့ဝင်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် "ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်" ဟူသော ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများအား ကူညီရန် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် အမျိုးသားကြက်ခြေနီအသင်းဝင် နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံတကာရှိ အမျိုးသားကြက်ခြေနီအသင်းများနည်းတူ နိုင်ငံအတွင်း လူမှုကရုဏာလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ အရန်အဖွဲ့အဖြစ် အချိန်အခါမရွေး ဆောင်ရွက်လျက်ရှိနေသည်။

ကြက်ခြေနီသည် လူမျိုး၊ ဘာသာ၊ အဆင့်အတန်း၊ ရန်သူမိတ်ဆွေ မခွဲခြားဘဲ လူသားချင်းစာနာစိတ်ဖြင့် စောင့်ရှောက်ကူညီမှုပေးနေသည့် လူမှုကရုဏာအဖွဲ့ကြီးဖြစ်သည်နှင့်အညီ ကြက်ခြေနီစေတနာလုပ်အားရှင်များအနေဖြင့် လူသားတစ်ရပ်လုံးအတွက် တစ်ပြေးညီစွာ ဆက်ဆံကူညီလျက်ရှိကြပြီး ကမ္ဘာအနှံ့ကူညီရေးအတွက် အစဉ်ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကြက်ခြေနီသည် လူမျိုး၊ ဘာသာ၊ အဆင့်အတန်း၊ ရန်သူမိတ်ဆွေ မခွဲခြားဘဲ လူသားချင်း စာနာစိတ်ဖြင့် စောင့်ရှောက် ကူညီမှုပေးနေသည့် လူမှုကရုဏာ အဖွဲ့ကြီးဖြစ်၏။

ဝိဇ္ဇောဒယကျောင်းတိုက် သိမ်တော်ကြီး ပန္နက်တင်နှင့်အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၇

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဘောက်ထော်ပြည်သာယာလမ်းရှိ ဝိဇ္ဇောဒယကျောင်းတိုက် သိမ်တော်ကြီးပန္နက်တင်နှင့် အလှူငွေပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ တိပိဋကဓရရမ္မာဝတီ ဆရာတော် ဘဒ္ဒန္တ ဣန္ဒပါလ ဝိဇ္ဇောဒယကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ဓမ္မပီယနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝိဇ္ဇောဒယကျောင်းတိုက် သိမ်တော်ကြီးကို တိပိဋကဓရရမ္မာဝတီ ဆရာတော်နှင့် ဝိဇ္ဇောဒယကျောင်းတိုက်ဆရာတော်အမှူးပြုသော သံဃာတော်များ၊ အလှူရှင်များက ပန္နက်တင် မင်္ဂလာပြုကြသည်။

ထို့နောက် တိပိဋကဓရရမ္မာဝတီ ဆရာတော်ဘဒ္ဒန္တ ဣန္ဒပါလထံမှ ဩဝါဒ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဦးကျော်ကျော်-ဒေါ်နန်းဟွမ်နန်း မိသားစုက ငွေကျပ် ၂၅၈၀၀၀၀ **(အပေါ်ပုံ)**၊ ဒေါက်တာတင်တင်လင်း မိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးခင်မောင်-ဒေါ်အမ မိသားစုက ငွေကျပ် ခြောက်သိန်း၊ ဦးဆန်နီ-ဒေါက်တာမြပွင့်အေး မိသားစုကငွေကျပ်ငါးသိန်း၊ ဒေါက်တာဒေါ်ခင်ရီ-ရှိုင်းဟုပ်မိသားစုက ငွေ ကျပ်ငါးသိန်း၊ဒေါ်လေးတင် မိသားစုက ငွေကျပ် ၄၅၀၀၀၀၊ ဦးဂလင်း-မသီရိခေတ် မိသားစုက ငွေကျပ်၄၄၄၄၄၄၊ ဦးကျော်ကျော်လှိုင်-မကလျာတို့က ငွေကျပ်သုံးသိန်း၊ဦးအောင်စံသိန်း-ဒေါ်တင်တင်မြတို့က ငွေကျပ် ၂၃၀၀၀၀၊ ဒေါ်နှင်းကြည် မိသားစု၊ ဒေါ်ရွှေ၊ ဦးဆန်းငွေ-ဒေါ်လှလှဝင်းရွှေ၊ ဦးအောင်စိုး-မခိုင် သမီး ဆုမြတ်ရွှေရည်၊ ကိုမြင့်နိုင်ဦး-မဆွေဆွေသက်၊ ဒေါ်နုနုရည်မိသားစု၊ ကိုမောင်မောင်ဖြိုး-မခင်နီနီမြင့်တို့က ငွေကျပ်နှစ်သိန်းစီ အပါအဝင် အလှူရှင် အသီးသီးက စုစုပေါင်း ငွေကျပ် ၁၁၉၅၆၄၄ကို ပေးအပ်လှူဒါန်းကြရာ ဦးကျော်ကျော်နှင့် ဦးဆန်နီတို့က လက်ခံကြသည်။

ယင်းနောက် တိပိဋကဓရ ရမ္မာဝတီဆရာတော်ထံမှ ဩဝါဒပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုရပ်သိမ်းလိုက်သည်။ **(က-ပ)**

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ထူးချွန်ဝန်ထမ်းများအားဂုဏ်ပြု

ရန်ကုန် မေ ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၏ ၂၀၀၅ခုနှစ် မိုးချေးငွေ လုပ်ငန်းစွမ်းဆောင်မှု အကောင်းဆုံးမြို့နယ်များ၊ ပြည်နယ်၊ တိုင်းများ၊ ထူးချွန်ဝန်ထမ်းများနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက်အတွက် အများဆုံး ထုတ်ချေးပေးနိုင်သော ပြည်နယ်၊ တိုင်းမြို့နယ် ဘဏ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ၅ရက် နံနက်၁၀နာရီခွဲက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက အမှာစကားပြောကြားကာ ၂၀၀၅ခုနှစ်မိုးချေးငွေလုပ်ငန်းစွမ်းဆောင်မှု အကောင်းဆုံးမြို့နယ်များအား ဆုချီးမြှင့်ပြီး**(အပေါ်ပုံ)**အခြားဆုရရှိကြသူများအား တာဝန်ရှိသူ အသီးသီးက ဆုများချီးမြှင့်ကြသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ထို့နောက် စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းတင်က လယ်ယာ(၁၆) လက်တွန်းထွန်စက် အများဆုံးရောင်းချနိုင်သော ပြည်နယ်၊ တိုင်းများနှင့် မြို့နယ် ဘဏ်ခွဲများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ **(သတင်းစဉ်)**

တိပိဋကဓရ တိပိဋကကောဝိဒစာအောင် သာသနာ့အာဇာနည်များ ချီးကျူးပူဇော်ပွဲ အခမ်းအနား မေ ၂၇ ရက်ကျင်းပမည်

ရန်ကုန် မေ ၇

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ် ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၆၈ခုနှစ် နယုန်လဆန်း ၁ ရက်၊ မေ၂၇ရက် (စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ ပင့်သံဃာတော်များနှင့် ယခုနှစ်တွင် ပြန်ဆိုရေးဖြေ အောင်မြင်တော်မူကြသော မူလအာဘိဓမ္မိကနှစ်ပါး၊ ဒီဃနိကာယကောဝိဒ နှစ်ပါး၊ ဒီဃဘာဏက တစ်ပါး၊ ဝိနယကောဝိဒ တစ်ပါး၊ ဝိနယဓရ ၁၈ပါး၊ ဥတ္တောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၂ပါး စုစုပေါင်း စာအောင်သံဃာ ၇၃ပါး အပါအဝင် ပင့်သံဃာ ၂၂၁ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကြပါရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကြိုတင်၍ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးထွန်းလှ ဖုန်း-၆၆၀၇၆၆ ထံ လည်းကောင်း၊ ၂၀၀၆ခုနှစ် မေ ၁ ရက်မှစ၍ ဝိဇယမင်္ဂလာဓမ္မသဘင်အနောက်ဘက် အလှူခံမဏ္ဍပ်နှင့် ကမ္ဘာအေးစေတီ အရှေ့ဘက်မုခ် အလှူခံမဏ္ဍပ်တို့၌ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ဇွန်၊ဇူလိုင်လအတွင်းကျင်းပမည့်ကျောက်စိမ်း၊ကျောက်မျက်နှင့်ပုလဲရောင်းချပွဲ အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ရေးတက်ညီလက်ညီကြိုးပမ်း

ရန်ကုန် မေ ၇

၂၀၀၆ခုနှစ် ဇွန်၊ ဇူလိုင်လတွင်ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ ကျောက်မျက်ရတနာကုန်သည်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြပွဲဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ၂၀၀၆ ခုနှစ် ဇွန်၊ဇူလိုင်လအတွင်းကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲနှင့်ပတ်သက်၍ အကြံပြု ဆွေးနွေး တင်ပြကြရန်လိုကြောင်း၊ အထူးရတနာရောင်းချပွဲကြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်မြောက်အောင် ကျောက်မျက်ရတနာကုန်သည်ကြီးများအသင်း ဖွဲ့စည်းရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဇွန်၊ဇူလိုင်လအတွင်း ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲ အထူးရောင်းချပွဲ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် အားလုံးက တက်ညီလက်ညီဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

စီစဉ်ဆောင်ရွက်

ဆက်လက်၍ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ၂၀၀၆ခုနှစ် ဇွန်၂၀ရက်မှ ဇူလိုင် ၄ ရက်အထိ ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲနှင့် ပတ်သက်၍ မြန်မာကွန်ဗေးရှင်းစင်တာ၌ ခင်းကျင်းပြသရောင်းချရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီများက အထူးရောင်းချပွဲ၌ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အသီးသီးတင်ပြကြပြီး ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ဗဟိုကော်မတီဝင်များနှင့် ရတနာကုန်သည်ကြီးများက အကြံပြု ဆွေးနွေးတင်ပြ ကြသည်။

ယင်းနောက် ပြပွဲဗဟိုကော်မတီ နာယက ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက်ပိုင်းတွင်ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ချင်းပြည်နယ်အတွင်း ခါနွေဦးလှုပ်ရှားမှု နွေရာသီသင်တန်းများဖွင့်ပွဲနှင့် ရေအားလျှပ်စစ်ဖွင့်ပွဲအခမ်းအနားများ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုတက်ရောက်

ရန်ကုန် မေ ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၂၈ရက် နံနက်ပိုင်းက ကလေးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမ၌ ကလေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမှုဆောင်များ စီမံခန့်ခွဲရေးဆင့်ပွားသင်တန်း(၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ကလေးမြို့နယ်၊ မင်းကင်းမြို့နယ်၊ ကလေးဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအတွက် ကွန်ပျူတာတစ်စုံစီနှင့် အားကစားပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

ကလေးမြို့

ဒုတိယဝန်ကြီးသည် ဧပြီ၂၉ ရက် နံနက်ပိုင်းတွင် ကလေးမြို့ နေရဋ္ဌရာ လူငယ်ပျိုးခင်း သင်တန်းကျောင်းသို့ရောက်ရှိရာ တာဝန်ခံဗိုလ်ကြီး အောင်နိုင်မိုးက သင်တန်းကျောင်းအတွင်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားသည်။ ဆက်လက်၍ နေရဋ္ဌရာ လူငယ်ပျိုးခင်း သင်တန်းကျောင်းဆရာတော် မဟာဓမ္မာစရိယ(M.A)၊ သာသနာ့ဓဇ အစိုးရဓမ္မာစရိယ ဘဒ္ဒန္တနန္ဒစာရအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဖလမ်းမြို့နယ်

ထိုမှဆက်လက်ထွက်ခွာခဲ့ရာ ဖလမ်းမြို့ သူနာပြုသင်တန်း ကျောင်းသို့ ညနေပိုင်းတွင်ရောက်ရှိပြီး သဇင်ဆောင်ခန်းမ၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခါနွေဦးလှုပ်ရှားမှု၊ အမျိုးသားယဉ်ကျေးမှုနှင့် နွေရာသီသင်တန်းများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဖလမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်း၏ကဏ္ဍကြီး(၅)ရပ် အစီရင်ခံစာကို မြို့နယ်အလုပ်အမှုဆောင် ဦးကောလ်လျန်ထန်က တင်ပြပြီး ဗဟိုအလုပ်အမှုဆောင်သည် သာသနာရေးဝန်ကြီးဌာနမှ ဖလမ်းမြို့နယ် သူနာပြုသင်တန်းကျောင်းအတွက် ငွေပဒေသာပင်စိုက်ထူ လှူဒါန်းငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ သူနာပြု သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဂျီထုဇီမှလက်ခံသည်။ ဆက်လက်၍ ဖလမ်းခရိုင် ပြည်သူ့ဆေးရုံအတွက် ကွန်ပျူတာတစ်စုံကို ပေးအပ်လှူဒါန်းပြီး ဖလမ်းမြို့နယ် သူနာပြုသင်တန်းကျောင်းမှ စုပေါင်းအဆိုပြုလွှာ၁၅၀ နှင့် ဖလမ်းမြို့ပေါ် (၄)ရပ်ကွက်မှ စုပေါင်းအဆိုပြုလွှာ၂၅၀ တို့ကို တာဝန်ရှိသူများက ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ၂၀ရက် နံနက်ပိုင်းတွင် ဖလမ်းမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်းသို့ရောက်ရှိပြီး ခါနွေဦးလှုပ်ရှားမှုအဖြစ် ဖွင့်လှစ်လျက်ရှိသော အေရိုးဗစ်သင်တန်းနှင့် ပန်းချီသင်တန်း ဖွင့်လှစ် သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ဟားခါးမြို့နယ်

ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာ လာခဲ့ရာ ဟားခါးမြို့သို့ရောက်ရှိပြီး ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှနှင့် တာဝန်ရှိသူများနှင့်အတူ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး တည်ဆောက်နေမှုကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပျိုးထောင်ထားရှိသော ခြံစည်းရိုးကြက်ဆူပျိုးခင်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ထန်တလန်မြို့နယ်

ထို့နောက် ဒုတိယဝန်ကြီးသည် ထန်တလန်မြို့နယ် ကြောင်ထီးယားကျေးရွာသို့ရောက်ရှိပြီး အလုပ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာပြည်သူလူထုတို့ စုပေါင်းဆောင်ရွက်သော ရေအားလျှပ်စစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ကျေးရွာအတွက် ၂၂လက်မ ရောင်စုံရုပ်မြင်သံကြားစက်၊ ဂြိုဟ်တုစလောင်းတစ်စုံနှင့် အားကစားပစ္စည်းများ၊ အဝတ်အထည်များကို ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။ထို့နောက် ကြောင်ထီးယားကျေးရွာ ရေအားလျှပ်စစ်ဖွင့်ပွဲအခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဗဟိုအလုပ်အမှုဆောင်က ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် မေ ၁ ရက်တွင် ထန်တလန်မြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင်က နွေရာသီသင်တန်းများအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းကာ အခမ်းအနားကို ရုပ်သိမ်းသည်။

ဗဟိုအလုပ်အမှုဆောင်သည် မေ၂ရက် နံနက်ပိုင်းတွင် ထန်တလန်မြို့နယ် တလန်ခွားကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲခန်းမ၌ ကျေးရွာ ပြည်သူလူထုနှင့်တွေ့ဆုံပြီး ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြပြီး ကျေးရွာအတွက် အဝတ်အထည်များ၊ ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ထန်တလန်မြို့နယ် တိဘွာလ်ကျေးရွာသို့ ရောက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးရွာပြည်သူလူထုတို့ စုပေါင်းဆောင်ရွက်သော ရေအားလျှပ်စစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အဖွင့်အမှာစကားပြောကြားကြပြီး ကျေးရွာအတွက် ၂၂လက်မ ရောင်စုံရုပ်မြင်သံကြားစက်နှင့် ဂြိုဟ်တု စလောင်း တစ်စုံ၊ အားကစားပစ္စည်းများနှင့် အဝတ်အထည်များ၊ ဗလာစာအုပ်များ၊ မွာလ်ကိုင်ကျေးရွာအတွက် အဝတ်အထည်များနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများသည် ရေအားလျှပ်စစ်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် မေ ၃ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ဖွင့်လှစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ ခါနွေဦးလှုပ်ရှားမှုသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်က လူ့စွမ်းအားအရင်းအမြစ် စွမ်းရည်ဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေကို ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအောင်မင်းနှင့် ခါနွေဦးလှုပ်ရှားမှု သင်တန်းများတွင် အသုံးပြုရန်အတွက် ထောက်ပံ့ငွေကို ပြည်နယ်ပညာရေးမှူး ဦးမြင့်ရွှေတို့ထံ ပေးအပ်သည်။

ထို့နောက် ကျောင်းနေအရွယ်ကလေးများအား ကျောင်းအပ်နှံရေးနေ့တွင် အသုံးပြုရန်အတွက် ဗလာစာအုပ်များနှင့် သင်တန်းများတွင် အသုံးပြုရန် အားကစားပစ္စည်းများကို ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ပေးအပ်ကြရာ သက်ဆိုင်ရာ မြို့နယ်မှ အတွင်းရေးမှူးများကလက်ခံသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖိုင်ဇောင်းကုန်တိုက်သို့ရောက်ရှိပြီး ဟားခါးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ချင်းပြည်နယ် (မြောက်ပိုင်း) မြို့နယ်များရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူးများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင်သည် မေ ၄ ရက် နံနက်ပိုင်းတွင် ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းပိုင် လက်ဖက်စိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ဖလမ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုတစ်မိုင်ကျောင်းသို့ရောက်ရှိပြီး ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ဆရာတော် ဘဒ္ဒန္တသုမနအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အတန်းလိုက် ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံး အကြိုဗိုလ်လုပွဲစဉ်များ မေ ၁၃ နှင့် ၁၄ ရက်၌ ကျင်းပမည်

■ **ကျော့ဖုံးမှ**

ရွှေခါးပတ် ချန်ပီယံ များဖြစ်ကြသော ဝင်းထွန်း(လယ်ယာ/ ဆည်မြောင်း) နှင့် စောဖွဲ့လေး(K-L-N)တို့၏ပွဲစဉ် များ ပါဝင်သလို အလဲထိုးပွဲများပါ ဝင်၍ ပရိသတ် အကြိုက်တွေ့ခဲ့ကြ သည်။

သုံးမိနစ်ထိုး နှစ်မိနစ်နား ငါးချီ ပွဲစဉ်များဖြစ်ရာ ငါးချီပြည့်သည်အထိ ရေကုန်ရေခန်း ထိုးသတ်သောပွဲနှစ်ပွဲ ပါဝင်၍ အားပါးတရ ကြည့်ရှု ကြ ရသည်။ ဝင်းထွန်း (လယ်ယာ/ ဆည်မြောင်း)က ချန်ပီယံ လက်စွမ်း ပြပြီး ပထမအချီ ၄၇စက္ကန့်၌ပင် အလဲထိုး ယူပြနိုင်ခဲ့သည်။ ပထမ နေ့ ပွဲစဉ်များ၌ အနီထောင့်က တာ စားခဲ့သလို ယနေ့ပွဲစဉ်၌လည်း အနီ ထောင့်မှ လက်ဝှေ့ကျော်များက ခြောက်ပွဲအနိုင်ရပြီး အပြာထောင့်မှ လက်ဝှေ့ကျော်များက နှစ်ပွဲသာအနိုင် ရရှိသည်။

ငါးချီပြည့်

ပွဲစဉ်(၉) ဘင်တန်ဝိတ်တန်း ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် သား ရွှေသွေး(တောင်ကလေး)နှင့်ရွှေဖလား (K-L-N)တို့ ယှဉ်ပြိုင် ထိုးသတ်ရာ ငါးချီပြည့်သည်အထိ အလဲထိုးနိုင်ခြင်း မရှိ၍ အမှတ်ပေးစနစ်ဖြင့်ဆုံးဖြတ်ရာ ဒိုင်လူကြီး ငါးဦးစလုံးက သားရွှေသွေး (တောင်ကလေး)ကို အနိုင်ပေးလိုက် သည်။ သားရွှေသွေး(တောင်ကလေး) သည် အကြိုဗိုလ်လုပွဲစဉ်၌ အသဲစွဲ (ဘီလပ်မြေစက်ရုံ)နှင့် ယှဉ်ပြိုင်ထိုး သတ်ရမည်ဖြစ်သည်။

ကြိုးဝိုင်းဒိုင်က ထိုးဆိုသည်နှင့် နှစ်ဦးစလုံး အခုန်အပျံ အစုန်အဆန် ထိုးကြရာ ပွဲကမြိုင်လှသည်။ လက်သီး ချက်ကို ခပ်သွက်သွက်ထိုးပြီး ဒူးတိုက် ချက်ကို ပေါင်းစပ်ကြရာ အများမခံ သောပွဲဖြစ်သည်။ သားရွှေသွေးနားထင် ကို ရွှေဖလား၏လက်သီးချက်မိမိရရ ထိသွား၍ ရွှေဖလားက ချက်ပိုင်တုန်း ဆက်ထိုးတော့သည်။ ရွှေဖလားထိုး ချက်မာန်ပါသလို သားရွှေသွေးက လည်း ပူးသတ်ပြီး ဒူးချက်ကို မနား တမ်းပစ်သွင်းသည်။ ဘတပြန် ကျား တပြန်ဆိုသလို လက်ရည်မျှ၍ ကြည့် ကောင်းသော ပွဲဖြစ်သည်။

ဒုတိယအချီတွင် သားရွှေသွေး သက်လုံ ကျဟန်ပေါ်လာသည်။ ရွှေ ဖလားက ခြေကန်ချက်ဖြင့်အောက်ပိုင်း ကိုဖြုတ်ရိုက်ပြီးလိုက်ထိုးသည်။ သားရွှေ သွေးလဲကျပြီး ပြန်အထမူးဟန်ပြ၍ အမှတ်စဉ် ရေတွက်ခြင်း ခံရသည်။ သားရွှေသွေးခံရပြီ ထင်သော်လည်း ပညာမခေ၍ ညာခြေဖြင့်ခတ်ရာ ရွှေ ဖလားဆက်မဝင်ရဲတော့ချေ။ တတိယ အချီ၊ စတုတ္ထအချီများတွင် ရွှေဖလား သက်လုံကျလာသည်။ နှစ်ဦးစလုံး အလဲအတား အပြင်းစားကန်ချက်များ သုံးသလို ခံနိုင်ရည်လည်းရှိကြသည်။ ပဉ္စမအချီတွင် နောက်ဆုံးပိတ်အိတ်နှင့် လွယ်နိုင်ရေး သားရွှေသွေးလက်ကုန် လိုက်ထိုးရာ ရွှေဖလားမျက်နှာထိသွား သည်။ ပွဲအပြီးတွင် ဒိုင်လူကြီးငါးဦး စလုံးက သားရွှေသွေးကို အနိုင်ပေး လိုက်ကြသည်။

ဒိုင်ပွဲ ရပ်

ပွဲစဉ်(၁၀) ဘင်တန်ဝိတ်တန်း ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အသဲစွဲ (ဘီလပ်မြေစက်ရုံ)နှင့် လက်သီးမောင် မောင်(မြားနက်)တို့ယှဉ်ပြိုင်ထိုးသတ် ရာ အသဲစွဲ (ဘီလပ်မြေစက်ရုံ)က ပထမအချီ ၂မိနစ်၃၁စက္ကန့်နှင့် ဒိုင်ပွဲ ရပ်ဖြင့် အနိုင်ရရှိသည်။ လက်သီး မောင်မောင် လက်သီးစွမ်းမပြနိုင်ဘဲ စောစောစီးစီး သက်လုံကျသွားသည်။

လိုက်ဝယ်လ်တာ ဝိတ်တန်း ပြိုင်ပွဲတွင် အောင်ဇေယျ (ဘီလပ် မြေစက်ရုံ)၏ ညာဝိုက် လက်သီး ကို ကြယ်လင်းအောင် (တောင် ကလေး)က ညာခြေထောက်ဖြင့် ဖြတ်တားထားစဉ်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ပွဲစဉ် (၁၁)လိုက်ဝိတ်တန်း ကွာ တား ဖိုင်နယ်ပွဲစဉ်အဖြစ် စောသဲမျိုး (K.L.N)နှင့် သမိန်ရာဇာ(မလှိုင်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ စောသဲမျိုးက အလဲထိုးအနိုင်ရရှိသည်။ ၂၀၀၀ပြည့် နှစ် ရွှေခါးပတ်ချန်ပီယံ (K.L.N) ကလပ်မှ စောသဲမျိုးက သမ္မာနှင့်ပညာ ကိုထုတ်ပြကာ ပရိသတ်အကြိုက် တွေ့ အောင်ထိုးသတ်ခဲ့ပြီး အနိုင်ရခြင်းဖြစ် သည်။ စောသဲမျိုးက အလုံးအထည် ကောင်းပြီးအားသာ၍လူချင်းပူးမိလျှင် ကိုင်ပေါက်ရာ သမိန်ရာဇာ ကြမ်းပြင် ပေါ် တဘိုင်းဘိုင်းကျနေသည်။

သမိန်ရာဇာက လက်တံရှည်၍ လက်သီးအားကိုးထိုးသော်လည်း သမ္မာ ရင့်ဝါရင့် စောသဲမျိုးက ချက်ကောင်း စောင့်ထိုးရင်း တံတောင်ပတ်ရိုက် သည်။ စောသဲမျိုးက ညာခြေကန် ချက်က ပြင်းလှရာ သမိန်ရာဇာတောင့် မခံနိုင်ဘဲ တတိယအချီ စက္ကန့်၅၀၌ ကြမ်းပြင်နှင့် မိတ်ဆွေဖွဲ့သွားသည်။ လက်ရည်ကွာသော လက်ဝှေ့သမား နှစ်ဦး၏ ပွဲဖြစ်သော်လည်း သမိန်ရာဇာ တတိယအချီအထိ တောင့်ခံသွားသည်။

ပွဲစဉ်(၁၂) လိုက်ဝိတ်တန်း ကွာ တား ဖိုင်နယ်ပွဲစဉ်အဖြစ် ဟိန်းညီညီ (အလင်းရောင်)နှင့် စစ်အောင်(ဘီလပ် မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ဟိန်းညီညီ(အလင်းရောင်)က အနိုင်ရ ရှိသည်။ ပထမအချီ၌ နှစ်ဦးစလုံး ခြေကန်ချက်၊ ပူးချုပ်ချက်များဖြင့် သတ်လုံးသတ်ကွက်စုံလင်စွာ ပြသ သွားသည်။ စစ်အောင်သာသယောင် ရှိသော်လည်း ဟိန်းညီညီက ခံနိုင်ရည် ရှိသည်။ ပထမချီ ၁မိနစ် ၂၈စက္ကန့်၌ ဟိန်းညီညီ၏ အားကစားပစ္စည်း ချို့ယွင်းမှုရှိ၍ ပွဲရပ်ပြီးပြုပြင်ရသည်။

ဟိန်းညီညီ လဲကျသော်လည်း မာန်မကျဘဲ ချက်ချင်းပြန်ထသည်။ ဘက်တူသူများဖြစ်၍ ခပ်ရဲရဲရင်ဆိုင် ပြိုင်ထိုးရာပွဲကောင်းဖြစ်သည်။ ဆိုင်း ချက်မြန်သလို လက်သီးချက်များက လည်း မရပ်မနားအပြန်အလှန်သွား သည်။ လက်သီးစွမ်း အပြိုင်ပြ၍ ပရိသတ်များသဘောကျကာ ဆုငွေ များချီးမြှင့်ခြင်း ခံရသည်။ ဒုတိယ အချီတွင် အပြန်အလှန်လက်သီး ပစ် သွင်းကြရာမှ ၂မိနစ်၈စက္ကန့်၌ ဟိန်း ညီညီလက်သီးက စစ်အောင်နားအုံကို မိမိရရထိကာ သွေးချင်းချင်းဖြာသွား သည်။ သွေးထွက်များ၍ ကြိုးဝိုင်း ဒိုင်ကပွဲရပ်ပြီး ဆရာဝန်ကို စစ်ဆေး စေရာ ဆရာဝန်က ဆက်ထိုးခွင့်မပြု၍ စစ်အောင်ဆေးရှုံး ရှုံးသွားခြင်းဖြစ်သည်။

လုံးတူဒေါက်တူ

ပွဲစဉ်(၁၃)လိုက်ဝိတ်တန်း ကွာ တား ဖိုင်နယ်ပွဲစဉ်အဖြစ် ရွှေနိုင်ထွန်း (မြွေဟောက်မင်း)နှင့် ဝင်းထွန်း (လယ်ယာ/ ဆည်မြောင်း)တို့ယှဉ်ပြိုင် ထိုးသတ်ရာ ဝင်းထွန်း (လယ်ယာ/ ဆည်မြောင်း)က ပထမအချီ ၄၇ စက္ကန့်၌ အလဲထိုးအနိုင်ရသည်။ ၂၀၀၀ ပြည့်နှစ် ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း သွေးပူရှိသာရှိပြီး ချွေးပင် ကောင်း ကောင်းမထွက်ဘဲ ပွဲသိမ်းခဲ့ရသည်။ လုံးတူဒေါက်တူဖြစ်၍ ပွဲကောင်းကြည့် ရပြီထင်သော်လည်း လက်ရည်ကွာ သဖြင့် ပွဲသိမ်းမြန်လှသည်။ ဝင်းထွန်း ၏ ခြေကန်၊ ဒူးတိုက်ချက်များ ကောင်း လှရာ ရွှေနိုင်ထွန်း ကြမ်းပြင်ပေါ်ပုံကန ကျကာမှ ပြန်မထနိုင်ဘဲ နာနှပ်ယူ လိုက်ရသည်။

ခံနိုင်ရည်

ပွဲစဉ်(၁၄) လိုက်ဝယ်လ်တာဝိတ် တန်း ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် မိုက်တိုင်စန်(အလင်းရောင်)နှင့် စော ဝီလျံသိန်း (မရမ်းကုန်း)တို့ ယှဉ်ပြိုင် ထိုးသတ်ရာငါးချီပြည့်သည်အထိ အရှုံး အနိုင်မပေါ်၍ အမှတ်ပေးစနစ်ဖြင့် ဆုံး ဖြတ်ရာမှ ဒိုင်လူကြီးလေးဦးက စော ဝီလျံသိန်း (မရမ်းကုန်း)ကို အနိုင်ပေး လိုက်သည်။ စောဝီလျံသိန်း ထိုးချက် မပိုင်လှသော်လည်း ခြေကန်ချက် ကောင်းပြီး ခံနိုင်ရည်ရှိ၍ကြောင့် အနိုင်ရ ခြင်းဖြစ်သည်။ စောဝီလျံသိန်းက ငါးချီ စလုံး လိုက်ထိုး၍ ထိချက်နာသော် လည်း အနိုင်ရသည်ဟု ဆိုရပေမည်။

မျက်နှာရဲ

ပွဲစဉ်(၁၅) လိုက်ဝယ်လ်တာ ဝိတ် တန်း ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ကြယ်လင်းအောင်(တောင်ကလေး)နှင့် အောင်ဇေယျ(ဘီလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ကြယ်လင်းအောင် (တောင်ကလေး)က အနိုင်ရရှိသည်။ နှစ်ဦးစလုံး အလုံးအထည် တုတ်တုတ် ခိုင်ခိုင်နှင့် လက်ဝှေ့သမား ပီသသည်။ ကြယ်လင်းအောင်က လွှတ်ဟော့ဆို သည်နှင့် ဗလာလက်သီးဖြင့် ခပ်ရမ်း ရမ်းဝင်ထိုးသည်။ အောင်ဇေယျက အရှောင်အတိမ်းဖြင့် ထောက်လက်သီး ပြန်ကျွေးရာကြယ်လင်းအောင် မျက်နှာ ရဲသွားသည်။

ကြယ်လင်းအောင်မဖြိုဘဲ လိုက် ထိုးပြီး ပူးမိလျှင် ဘယ်ဒူးဖြင့်တိုက်၊ ခေါင်းဖြင့်ရိုက်သည်။ ခံနိုင်ရည်မှာ မကွာသော်လည်း ကြယ်လင်းအောင် ကအတိုက်၊ အောင်ဇေယျက အခံဖြစ် နေ၍ ပွဲကသိပ်မမြိုင်လှ။ ဒုတိယအချီ ၁မိနစ် ၅၈စက္ကန့်၌ ကြယ်လင်းအောင် က ခေါင်းဖြင့်ဆောင့်ရာ အောင်ဇေယျ မျက်ခုံးကွဲ၍ ဆရာဝန်က စစ်ဆေးပြီး ဆက်ထိုးခွင့်မပြု၍ ဆေးရှုံး ရှုံးသွားရ ခြင်း ဖြစ်သည်။

ပွဲစဉ်(၁၆) လိုက်ဝယ်လ်တာဝိတ် တန်းကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် စော ဖွဲ့လေး(K.L.N)နှင့် ဖိုးစိုး (အလင်း ရောင်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ စောဖွဲ့ လေးက အလဲထိုး အနိုင်ရရှိသည်။ K.L.N ကလပ်မှ အထူးအားထား သော စောဖွဲ့လေးလက်သီးစွမ်းပြ၍ ပရိသတ်လက်ခုပ်သံရခဲ့သည်။ လက် ရည်မျှမှုနှုန်းကို ပထမအချီမှာပင် သိရသော်လည်း ဒုတိယအချီရောက်ခဲ့ သည်။ ဒုတိယအချီ ၂၈စက္ကန့်၌ စောဖွဲ့လေး၏ ညာဒူးပင့်တိုက်ချက် ဖိုးစိုးနံကြားကို မိမိရရ ထိသွားရာ ကြမ်းပြင်ပေါ် ပုံကန်ကျသွားသည်။ စောဖွဲ့လေး၏ သတ်လုံးသတ်ကွက် အားပါလှရာ ဗိုလ်လုပွဲအထိ ခရီး ပေါက်နိုင်သည့်အနေအထားဖြစ်သည်။

သတင်းစကား

အတန်းအလိုက် ကွာတားဖိုင်နယ် ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အကြို ဗိုလ်လုပွဲစဉ်များကို မေ ၁၃ရက်နှင့် ၁၄ရက်တို့တွင် အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ဆက်လက်ကျင်းပ မည်ဖြစ်သည်။ အတန်းအလိုက် အကြို ဗိုလ်လုပွဲစဉ်များအဖြစ် မေ ၁၃ရက်တွင် ခြောက်ပွဲ၊ မေ ၁၄ရက်တွင် ရှစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Myanmar Towards Co., Ltd. က အဓိက ပံ့ပိုးကူညီဆောင်ရွက်ပေး သည်။ မြန်မာ့ရိုးရာ လက်ဝှေ့တံခွန် စိုက် ရွှေခါးပတ်ချန်ပီယံလုပွဲ အကြို ဗိုလ်လုပွဲစဉ်များသည် လက်ရည်တူ ချင်း ယှဉ်ပြိုင်ထိုးသတ်ကြရမည့် ပွဲစဉ် များဖြစ်ရာ ပရိသတ်အကြိုက်ပွဲကောင်း များပင်ဖြစ်ကြောင်း သတင်းစကားပါး လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

လမ်းမတော်မြို့နယ် ၁ လမ်းနှင့် ၂ လမ်း နောက်ဖေးလမ်းကြားသန့်ရှင်းစေလို

စာတည်းရှင့်–

ကျွန်မတို့၏ လမ်းမတော်မြို့နယ် (၁)ရပ်ကွက် ၁ လမ်းနှင့် ၂ လမ်း နောက်ဖေးလမ်းကြားတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ ရေမြောင်းများပိတ် ဆို့ခြင်းနှင့် မိလ္လာများလျှံထွက်ခြင်းတို့ကြောင့် နောက်ဖေးလမ်းကြားတွင် အညစ်အကြေးများဖြင့် ပြည့်လျှံနေပါသည်။ အဆိုပါ အညစ်အကြေးများကြောင့် ခြင်၊ယင်၊ ကြွက်များ ပေါများကာ ပတ်ဝန်းကျင်နေ ပြည်သူများ၏ ကျန်းမာရေး ကို ထိခိုက်စေပါသဖြင့် နောက်ဖေးလမ်းကြားသန့်ရှင်းရေး သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **စေတနာရှင်တစ်ဦး**

သံရည်ကျိုစက်ရုံများမှ မီးဘေးအန္တရာယ်စိုးရိမ်

စာတည်းခင်ဗျား–

ရွှေပေါက်ကံမြို့သစ် ရွှေပေါက်ကံ စက်မှုဇုန်အတွင်းရှိ သံရည်ကျိုနှင့် ဒန် ရည်ကျို စက်ရုံများတွင် မီးခိုးခေါင်း တိုင်များနှင့်မီးဖို မီးအကာများမထား ရှိဘဲ သံရည်ကျိုလုပ်ငန်းကို လုပ်ကိုင် နေသောကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ် သလို ဆောင်ရွက်ပေးပါရန် တင်ပြ အပ်ပါသည်။

မီးဘေးစိုးရိမ်သူ

သာကေတ ရန်ပြေ ၃လမ်း ဖိနပ်အလုပ်ရုံ မီးဘေးအန္တရာယ်စိုးရိမ်နေရ

စာတည်းခင်ဗျား–

သာကေတမြို့နယ် ၂တောင်ရပ်ကွက် ရန်ပြေ၃လမ်းတွင် ဖိနပ်အလုပ်ရုံ တစ်ရုံရှိပါသည်။ အဆိုပါ ဖိနပ်အလုပ်ရုံတွင် သားရေစိမ်းနှင့် ဓာတ်ဆီရောနှော သုံးလျက်ရှိရာ မီးဘေး အန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရန်ပြေ ၃လမ်းသား

တာမွေ မင်္ဂလာဥယျာဉ်အိမ်ရာမှ လက်ဖက်ရည်ဆိုင်နှင့် တံခါးကျည်းပေါင်ဆိုင် စည်းကမ်းတကျရှိရေး ဆောင်ရွက်စေလို

စာတည်းခင်ဗျား–

တာမွေမြို့နယ် ဘိုလိန်း အောင် မင်္ဂလာရပ်ကွက် နှင်းဆီလမ်း၊ မင်္ဂလာ ဥယျာဉ် အိမ်ရာ(ယုဇနအိမ်ရာ) တိုက် (A-4)ရှိ လက်ဖက်ရည်ဆိုင်နှင့် တံခါး ကျည်းပေါင် ဆိုင်တို့သည် စည်ပင် မြေပေါ် ကျူးကျော်၍ ခုံခင်းရောင်းချ ခြင်း၊ နေ့စဉ် ရွှေပေါ်စက်များသုံး၍ အလုပ်လုပ်ခြင်းကြောင့် ဆူညံခြင်း၊ ညှော်နံ့နှင့် လွှစာမှုန့် များကြောင့် ဝန်းကျင်နေသူများ အနှောင့်အယှက် ဖြစ်ရခြင်း၊ တံခါးကျည်းပေါင်များ စုပုံခင်းထား၍ လေကားအတက်၊ အဆင်း ပိတ်ဆို့ခြင်းများ ဖြစ်ပေါ် နေပါသည်။ သို့ပါ၍ အဆိုပါဆိုင် နှစ်ဆိုင်အား စည်းကမ်းတကျရှိစေ ရေး သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါ သည်။

နေ့စဉ်စိတ်ညစ်နေရသူ

၂(က) စံပြရပ်ကွက်မှ ရေမြောင်းကြီး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား–

မင်္ဂလာဒုံမြို့နယ် ၂(က) စံပြ ရပ်ကွက်အလယ်တွင် အနောက်မှ အရှေ့သို့ စီးဆင်းနေသော ရေမြောင်း ကြီးရှိပါသည်။ အဆိုပါ ရေမြောင်းကြီး တွင် အမှိုက်များနှင့် ရွံ့ညွန်များပိတ်ဆို့ လျက်ရှိပြီး မိုးရွာသောအခါ ရေမြောင်း ကြီးမှ ရေများလျှံပြီး အနီးပတ်ဝန်းကျင် ရှိ နေအိမ်များအတွင်းသို့ ဝင်ရောက် နိုင်ပါသဖြင့် ၎င်းရေမြောင်းကြီးအား မိုးမကျမီ သက်ဆိုင်ရာမှ လိုအပ်သလို ကြိုတင်ဆောင်ရွက်ပေးပါရန် တင်ပြ အပ်ပါသည်။

စံပြရပ်ကွက်သား

ရပ်ကွက်အတွင်းမှ အရက်ဖြူစက်ရုံ ရှင်းလင်းဖယ်ရှားပေးသင့်

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ထန်းပင်ကုန်း ရပ်ကွက် မဥ္ဇူလမ်းတွင် ပုဂ္ဂလိက ပိုင် အရက်ဖြူစက်ရုံတစ်ရုံ ရှိပါသည်။ အဆိုပါစက်ရုံတွင် အရက်ပုလင်းများ ဆေးကြောရာမှ စီးဆင်းလာသော ရေဆိုးရေညစ် အနံ့ဆိုးများသည် ရပ်ကွက် နေသူများအား ကျန်းမာရေးထိခိုက်ပါ သဖြင့် ထိုစက်ရုံအား လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြ အပ်ပါသည်။

ရပ်ကွက်သား

ကျောက်မြောင်း အရိုးကုန်းလမ်း မိလ္လာပိုက်ပြုပြင်ပေးပြီး

၂၀–၂–၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် တာမွေ မြို့နယ် ကျောက်မြောင်း အရိုးကုန်းလမ်းရှိ ခြောက်ထပ်တိုက်၏ မိလ္လာပိုက်ယိုစိမ့်နေခြင်း၊ ပိုက်ဆက်ပြုတ်ထွက်နေခြင်းကြောင့် **မိလ္လာပိုက် ပြုပြင်ပေးပါ** ပေးစာနှင့်ပတ်သက်၍ ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကမ္ဘာတစ်လွှား အားကစား

အာရှကိုယ်စားပြု အီရန်အသင်း၏ ခြေစွမ်း ဂျာမနီကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရှုစားကြရမည်

တီဟီရန် မေ ၇

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို မကြာမတင်ကာလ၌ ကျင်းပတော့မည်ဖြစ်ရာ ဘောလုံးပရိသတ်များ အနေဖြင့် မိမိတို့နှစ်သက်သော ဘောလုံးအသင်းများ၏ခြေစွမ်းကို တီဗွီဖန်သားပြင်ပေါ်တွင် အားပါးတရ ရှုစားကြရတော့မည်ဖြစ်သည်။

ယင်းကဲ့သို့သော အခြေအနေတွင် မြန်မာ့အလင်း ဘောလုံးပရိသတ်များအတွက် ဂျာမနီကမ္ဘာ့ဖလား ပြိုင်ခွင့်ရ ခြေစစ်ပွဲအောင် ဘောလုံးအသင်း ၃၂ သင်းလုံးကို မြန်မာ့အလင်းသတင်းစာတွင် တစ်ရက်လျှင် တစ်သင်းနှုန်းဖြင့် ဘောလုံးအသင်းများ၏ ခြေစစ်ပွဲအောင်ရန် ကြိုးစားခဲ့ရပုံများကို ရေးသား ပြန်ကြားပေးလျက်ရှိသည်။

ယနေ့တွင် အာရှဇုန်မှ ခြေစစ်ပွဲအောင်လာသော အီရန်အသင်းနှင့် မိတ်ဆက်ပေးရန် အလှည့်ကျရောက်လာသည်။ အီရန်အသင်းသည် အုပ်စု(ဃ)တွင် ပါဝင်သည်။ ၎င်းအသင်း၏ ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအောင်ရန် ကြိုးစားခဲ့ရပုံများကို မြန်မာ့အလင်း ဘောလုံးပရိသတ်အား ကြိုတင် သိရှိနိုင်ရန်အတွက် Yangon Entertainment Ltd. မှရရှိသော သတင်းအချက်အလက်များကို အခြေခံလျက်ရေးသား ဖော်ပြလိုက်ပါသည်။

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လက်မတင်လေး

အီရန်အသင်းသည် ၂၀၀၂ကမ္ဘာ့ဖလား ခြေစစ်ပွဲကာလက ခြေစစ်ပွဲအောင်ခါနီးတွင် လက်မတင်လေး ပြုတ်ကျ ကျန်ရစ်ခဲ့သည်။

ယခုနှစ် ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာတော့ အီရန်အသင်းသည် အာရှအကောင်းဆုံး အသင်းများထဲမှတစ်သင်းဖြစ်ကြောင်း သက်သေပြနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

အီရန်နည်းပြ ဘရန်ကိုအိုင်ဗန်ကိုဗစ်။
(ဓာတ်ပုံ–အင်တာနက်)

အလီကာရိမီ

အီရန်အသင်းမှ အားထားရသော ကွင်းလယ် ကစားသမား အလီကာရိမီ။
(ဓာတ်ပုံ–အင်တာနက်)

ခြေစွမ်းပြ

ကမ္ဘာ့သွင်းဂိုးအများဆုံး တိုက်စစ်မှူးများထဲတွင် စာရင်းပေါက်ထားသောတိုက်စစ်မှူး အလီဒါယီ ဦးဆောင်လာမည့် အီရန်အသင်းသည်တက်ကြွမှု အပြည့်အဝဖြင့် ကမ္ဘာ့ဖလားပွဲကို ခြေစွမ်းပြလိမ့်မည် ဖြစ်သည်။

ထို့အပြင် ဂျာမနီ အခြေစိုက် ကလပ်အသင်းများတွင် ကစားနေကြသည့် ဟာရှီမိန်းမာဒါဗီကီယာနှင့် ဇန်ဒီတို့သည် ယင်းပြိုင်ပွဲမှာ အီရန်အသင်း၏ သော့ချက် ကစားသမားများဖြစ်လာမည်ဖြစ်သည်။ ၂၀၀၂အာရှဖလားကို ဆွတ်ခူးခဲ့ဖူးသည့် အီရန်အသင်းသည် အဆိုပါ ကစားသမားများ၏ အားကိုးနှင့် ယခု ကမ္ဘာ့ဖလားမှာ အကောင်းဆုံး ကစားသွားနိုင်ရန် မျှော်လင့်ထားကြသည်။

မျှော်လင့်

လက်ရှိအီရန်အသင်းကိုကိုင်တွယ်နေသော အသင်းနည်းပြမှာ ခရိုအေးရှားနည်းပြ ဘရန်ကို အိုင်ဗန်ကိုဗစ်ဖြစ်သည်။ ၎င်းအနေဖြင့် အသင်းကြီးများကိုဒုက္ခပေးပြီး ထိုက်တန်သော နေရာတစ်နေရာရရှိရန် အပြင်းအထန် ကြိုးစားသွားလိမ့်မည်ဟု မျှော်လင့်ရသည်။

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် မေ၆ရက်က ကျင်းပသည့် နိုင်ငံတကာ အမျိုးသားမီတာ ၁၁၀ တန်းကျော်ပြေးပွဲ၌ ၁၃ ဒသမ ၀၅ စက္ကန့်ဖြင့် ပထမရရှိသွားသည့် တရုတ်တန်းကျော် အပြေးသမား လူကျင်း၏ ပြိုင်ပွဲဝင်ယှဉ်ပြိုင်ဟန်။
(ဓာတ်ပုံ–အင်တာနက်)

အီရန်အသင်းသည် နောက်ဆုံးကစားခဲ့ရသော ခြေစစ်ပွဲ လေးပွဲကို ဆက်တိုက်အနိုင်ရအောင် ကစားနိုင်ခဲ့ပြီး ခြေစစ်ပွဲ အောင်လာခဲ့သဖြင့် တက်ကြွနေသော အီရန်အသင်းသားများသည် ဂျာမနီမြေမှာလည်း ယင်းတို့၏ အစွမ်းရှိသလောက် အသင်းကြီးတွေကို ဒုက္ခပေးနိုင်ရန် ကြိုးစားလိမ့်မည်ဖြစ်သည်။

အီရန်အသင်းသည် အာရှဇုန် ခြေစစ်ပွဲအုပ်စု(ခ)မှ အုပ်စု ဒုတိယဖြင့် ခြေစစ်ပွဲအောင်လာသော အသင်းဖြစ်ပြီး ၁၉၇၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အုပ်စုပထမဆင့်အထိ အောင်မြင်ခဲ့သော အသင်းဖြစ်သည်။

ကြိုးစားသွားမည်

အီရန်နည်းပြ ဘရန်ကို အိုင်ဗန်ကိုဗစ်က ပြောကြားထားခဲ့ရာတွင် မက္ကဆီကိုနှင့် ပေါ်တူဂီတို့မှာ ချန်ပီယံများဖြစ်ရန် အလားအလာရှိပြီး ရေပန်းစားနေသည့် အသင်းများတွင် ပါဝင်ကြောင်း သို့ရာတွင် မိမိတို့အနေဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း မက္ကဆီကိုအသင်းသည် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် အကောင်းဆုံးကစားပြနိုင်ခဲ့သည့်အသင်းဖြစ်ကြောင်း၊ ထို့အတူ ပေါ်တူဂီအသင်းသည်လည်း ယူရို ၂၀၀၄ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့်အသင်းဖြစ်ကြောင်း၊ သို့ရာတွင် ယင်းတို့သည် အီရန်၏ ခြေစွမ်းကို သိရလိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။

အီရန်အသင်းမှ အလီကာရိမီသည် ၂၀၀၄ ခုနှစ်အတွက် အာရှအကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ၎င်းသည် အီရန်အသင်း၏ အားအထားရဆုံးသော ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည်။

အီရန်နိုင်ငံ၏ မြို့တော်တီဟီရန်၏မှော်ဆရာဟု နာမည်ပြောင် ရထားသော ကာရီမီသည် ယခု၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားပွဲတွင် အီရန်အသင်း၏ အဓိကအစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်မည်မှာသေချာနေပြီး ပိုမိုတောက်ပလာမည့် အနေအထားရှိနေသည်။

အကောင်းဆုံးကစားသမား

၂၀၀၄ ခုနှစ် အာရှဖလားပြိုင်ပွဲတွင် ၎င်းပြသခဲ့သော ခြေစွမ်းဖြင့် အရည်အသွေး မြင့်မားမှုများကြောင့်သာ အီရန်တို့ တတိယနေရာရခဲ့သလို ယင်းအာရှဖလားပွဲကပင် အဆိုပါ ကွင်းလယ်ဖန်တီးရှင် ကစားသမားကို အာရှအကောင်းဆုံး ကစားသမားဟု သတ်မှတ်ပေးခဲ့သည်။

ကာရီမီသည် ယခင်က ယူအေအီး အခြေစိုက်အယ်လ်အလီ ကလပ်တွင် ကစားနေရင်း ၎င်း၏ အရပ်အမောင်း ကစားဟန်နှင့်နည်းစနစ်အရည်အသွေး ကြွယ်ဝမှုများကြောင့် ဘွန်ဒက်လီဂါ ချန်ပီယံ ဘိုင်ယန်မြူးနစ်က ၂၀၀၅ ခုနှစ်တွင် ခေါ်ယူသွားခြင်း ခံခဲ့ရသည်။

ထို့ကြောင့် ၎င်း၏ ဂျာမနီမြေတွင် ကျင်လည်နေသော အတွေ့အကြုံကောင်းများကြောင့် အီရန်အသင်းအတွက် အများကြီး အထောက်အပံ့ရစေမည်ဖြစ်သကဲ့သို့ နောက်တစ်ဆင့်တက်နိုင်ရေးအတွက်လည်း အရေးပါသည့် ကစားသမားအဖြစ် ရပ်တည်လျက်ရှိသည်။

အီရန်အသင်းသည် (ဃ)အုပ်စုတွင် ပါဝင်ပြီး ဇွန် ၁၁ ရက်တွင် မက္ကဆီကိုအသင်းနှင့် လည်းကောင်း၊ ဇွန်၁၇ရက်တွင် ပေါ်တူဂီအသင်းနှင့်လည်းကောင်း၊ ဇွန် ၂၁ ရက်တွင် အင်ဂိုလာအသင်းနှင့် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားရမည်ဖြစ်ပေသည်။

(မြန်မာ့အလင်း)



ဘိုင်ယန်မြူးနစ် ဘောလုံးသမား ပီရူးနိုင်ငံသား ကလောဒီယိုပီဇာရိုအား ဂျာမန်ဖလားနှင့်အတူ ဤသို့ အောင်ပွဲခံနေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဘိုင်ယာမြူးနစ်အသင်း ဂျာမန်ဖလားဆွတ်ခူးပြီ

ဖရန့်ဖတ် မေ ၇

ဘိုင်ယန်မြူးနစ်အသင်းသည် အင်ထရက်ချ်ဖရန့်ဖတ်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရပြီး အကြိမ်(၂၀)မြောက်ဖလားအဖြစ်ဂျာမန်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ပြိုင်ဘက် ဟမ်းဘတ်အက်စ်ဗွီအသင်းက ဟာသာဘာလင်ကို လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရချိန်တွင် ဘိုင်ယန်မြူးနစ်က နှစ်နှစ်ဆက်တိုက် ဖလားနှစ်လုံးကို ဆွတ်ခူးအနိုင်ရခဲ့ခြင်း ဖြစ်သည်။

ဘိုင်ယန်မြူးနစ်သည်ကိုင်ဇာစလော ၏အသင်းကို အဝေးကွင်း၌ တစ်ဂိုး– တစ်ဂိုး သရေသာကစားနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်လီဂါဖလားနှင့် ဂျာမန်ဖလားတို့ကို နှစ်နှစ်ဆက်တိုက် ကာကွယ်နိုင်သည့် ပထမဆုံးအသင်းဖြစ်လာသည်။

အမ်အင်အေ၊ရိုက်တာ

အီရန်လက်ရွေးစင်ဘောလုံးအသင်း။ (ဓာတ်ပုံ–အင်တာနက်)



ပညာပေးဟောပြော၊ အဆိုပြုလွှာနှင့် အသင်းဝင်လျှောက်လွှာပေးအပ်

ကသာ မေ ၂၀

စစ်ကိုင်းတိုင်း ကသာခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသည့် ပညာပေးဟောပြောပွဲ၊ အဆိုပြုလွှာနှင့်အဖွဲ့ဝင် လျှောက်လွှာပေးအပ်ပွဲ အခမ်းအနားကို မေ ၅ရက် နံနက် ၁၀ နာရီက ကသာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က အမှာစကားပြောကြားပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မြင့်မြင့်ထွန်းက လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို လည်းကောင်း၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါက်တာလှလှမွှေးက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ဆက်လက်၍ အသင်းဝင်လျှောက်လွှာနှင့် အဆိုပြုလွှာများ ပေးအပ်ရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မော်ချိုထွန်းက အသင်းဝင်လျှောက်လွှာ ၁၀၂ စောင်ကိုလည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းရည်မြင့်က အဆိုပြုလွှာ ၂၈၅ စောင်ကိုလည်းကောင်း ပေးအပ်ရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က လက်ခံရယူပြီး ငွေကျပ် ၃၅၀၀၀ တန်ဖိုးရှိ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဝတ်စုံများ ပေးအပ်သည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များသည် ကသာမြို့နယ်အသင်းရုံးတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော စက်ချုပ်၊ ဇာထိုး၊ ပန်းထိုး သင်တန်းနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသည့် ရတနာပျိုးခင်းမူကြိုနေ့ကလေးထိန်းကျောင်းသို့ သွားရောက်ကာ သင်တန်းသူများအား အားပေးစကား ပြောကြားပြီး မူကြိုကလေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ချင်းပြည်နယ် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် မေ ၁၄ ရက်က မြေယာရှုခင်းအလှ ပုံဖော်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (ပြည်နယ်စည်ပင်)

ပြင်ဦးလွင်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စီမံခန့်ခွဲရေးဆင့်ပွားသင်တန်းဆင်းပွဲကျင်းပ

ပြင်ဦးလွင် မေ ၂၈

ပြင်ဦးလွင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များစီမံခန့်ခွဲရေးဆင့်ပွားသင်တန်းအမှတ်စဉ် ၁၃ သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၃ရက် နံနက် ၉ နာရီက မြို့နယ်အသင်းရုံးသင်တန်းခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပါစည်နှင့် မြို့နယ်အသင်း အတွင်းရေးမှူး ဦးသောင်းမြင့်သိန်းတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများစုပေါင်းလှူဒါန်းငွေကျပ် ၆၁၂၀၀ ကိုသင်တန်းတာဝန်ခံ မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးသိန်းဆွေက လက်ခံရယူသည်။

ယင်းနောက်သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းသားစံပြဆုကို မြို့နယ်အသင်းအတွင်းရေးမှူးက ပေးအပ်ချီးမြှင့်ပြီး လူထုဟောပြောနည်းဘာသာရပ်(လက်တွေ့) ထူးချွန်ဆုများကို ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး အောင်မွန်က လည်းကောင်း၊ စစ်ရေးပြ ဘာသာ ထူးချွန်ဆုများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်စိုးကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဝမ်းတွင်းမြို့၌ စာကြည့်တိုက်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ် ရည်ရွယ်ချက်ရှင်းလင်း၊ စာအုပ်နှင့် ပရိဘောဂများလှူဒါန်း

ဝမ်းတွင်း မေ ၂၅

ဝမ်းတွင်းမြို့နယ် လိန်ပင်အုပ်စု ဇဂျမ်းကုန်းကျေးရွာ ရွှေတနာဝင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၁၂ ရက်နံနက် ၈ နာရီက အဆိုပါအဆောက်အအုံသစ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူ၊ မိတ္ထီလာခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းနှင့်အလှူရှင် ဦးဝင်းဖေတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် အဆောက်အအုံသစ်လွှဲပြောင်းပေးအပ်ပွဲနှင့် စာအုပ်စာစောင်များ၊ ပရိဘောဂများ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြား၍ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် အလှူရှင်ဦးဝင်းဖေက စာကြည့်တိုက် ဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး **(အပေါ်ပုံ)** စာကြည့်တိုက် အဆောက်အအုံသစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကိုပေးအပ်ရာ မြို့နယ်ဦးစီးမှူး ဦးလှခိုင်က လက်ခံရယူသည်။

ဆက်လက်၍ အလှူရှင်ဦးဝင်းဖေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က ပရိဘောဂနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

ဆိပ်ဖြူမြို့ ကိုးထောင့်ကျေးရွာ ကျေးလက်အိမ်ရာတည် ဆောက်နေမှုကို မေ ၁၉ ရက်က အမှုဆောင်အရာရှိ ဦးထန်းနိုင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)



မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ကျွန်းတောကွက်သစ်(၁)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၇ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်း၊ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် အမှတ်(၅)ရပ်ကွက်ဥက္ကဋ္ဌတို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၉–၅–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓမ္မဒေသနာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (တောင်ဒဂုံစက်မှုဇုန်–၂ ၏ အဆင့်မြင့် ရေပန့်ထုတ်လုပ်မှုအကြောင်း)

၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာ့ကျက်သရေဆောင်ခေါင်းပေါင်း) (ခင်ဇေ–စက်မှု)

၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (လျှင်ချင်ရင် ပြိုးတတ်ရမယ်) (ရှုပါသိမ်း)

၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (စာနာတတ်တဲ့နှလုံးသား)

၁၂:၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (ကဆုန်လသောင်ရေသွန်းပွဲ–ခိုင်ခိုင်)

ညနေပိုင်း

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (လမ်းမှန်မှန်လျှောက် ရောဂါပျောက်)

၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ချမ်းမြေသာယာ ဒို့ရွာမှာ)

၁၉:၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ပေါက်ပင်)

၁၉:၃၀ ဝိုင်အမ်ဘီအေ နှစ်(၁၀၀)ပြည့် အခမ်းအနားမြင်ကွင်း

၂၀:၃၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (ထူးဆန်းသောဘုရင်နှင့် ယာသမားကြီးပုံပြင်)

စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

သာစည် မေ ၂

မန္တလေးတိုင်း မိတ္ထီလာခရိုင် သာစည်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့်အမျိုးသမီးရေးရာအဖွဲ့ တို့ပူးပေါင်းဖွင့်လှစ်သော နွေရာသီစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို မေ၃၀ရက် နံနက်ပိုင်းက သာစည်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ကျင်းပသည်။

အခမ်းအနားတွင် သာစည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးမိုးမြင့်သိန်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်နုတို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်က သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းကို မတ် ၂၆ရက်ကစတင်ဖွင့်လှစ်ခဲ့ပြီး မြို့ပေါ်ရပ်ကွက် (၇)ရပ်ကွက်မှ သင်တန်းသူ၂၅ဦးတက်ရောက်ကြသည်။ **(က–ပ)**

စာကြည့်တိုက်များဖွံ့ဖြိုးရေးကွင်းဆင်းဆွေးနွေး

ရေဦး မေ ၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းနှင့် ရွှေဘိုခရိုင် ဦးစီးအရာရှိ ဦးကျော်တင့်တို့သည် မြို့နယ် ဦးစီးမှူး ဦးမြင့်သိန်းနှင့်အတူ မေ ၁ရက်က ရေဦးမြို့နယ် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ကွင်းဆင်း ဆွေးနွေးကြပြီး စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

ရှေးဦးစွာ အင်တောကျေးရွာ အမျိုးသမီးရေးရာစာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက်အား ကြည့်ရှုစစ်ဆေး၍ ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှာကြားပြီး သုတ၊ရသ စာအုပ် ၁၀ အုပ်ကို ပေးအပ်လှူဒါန်းရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးကျော်မြင့်က လက်ခံရယူသည်။ ထို့နောက် မွန်းလွဲ ၁နာရီတွင် မုတ်စီကျေးရွာ အမျိုးသမီးရေးရာ စာကြည့်တိုက်သို့သွားရောက်စစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူးက စာဖတ်ရှိန် မြှင့်တင်ရေးနှင့် စာကြည့်တိုက် ပညာအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။ ဆက်လက်၍ စာကြည့်တိုက်အတွက်စာအုပ်များ ပေးအပ်လှူဒါန်းရာ လက်ထောက်ညွှန်ကြားရေးမှူး က သုတ၊ရသ စာအုပ် ၁၀ အုပ်နှင့် ခရိုင်ဦးစီးအရာရှိက မဂ္ဂဇင်း ငါးအုပ်တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ရပ်ကွက် ဥက္ကဋ္ဌ ဦးဝင်းအောင်က လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

မြိတ်မြို့ ကလွင်ရွာမ စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

မြိတ် မေ ၁

မြိတ်မြို့ ကလွင်ရွာမ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် သုတရသ စာအုပ်လှူဒါန်းပွဲနှင့် စာကြည့်တိုက်ဖွံ့ဖြိုးရေးအတွက် စာပေဟောပြောပွဲကို ဧပြီ ၂၇ရက်ည ၇နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် တန်ဖိုးငွေကျပ် ၁၀၀၀၀ ရှိ သုတရသစာအုပ်များကို အလှူရှင်များကိုယ်စား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်က ပေးအပ်လှူဒါန်းရာ ကလွင်ရွာမ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးက လက်ခံရယူသည်။

ဆက်လက်၍ စာပေဟောပြောပွဲကို ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်က ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့ အကြောင်းကိုလည်းကောင်း၊ မြိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးဖိုးခွေး(မြိတ်ရွှေစင်)က အသိပညာ အတတ်ပညာ အကြောင်းကိုလည်းကောင်း၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးလွင်အောင်(နရီ၊ မြိတ်)က စာပေ၏ခွန်အား အကြောင်းကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ထို့နောက် စာကြည့်တိုက် ဥက္ကဋ္ဌ ဦးမြင့်စိုးက သုတရသစာအုပ် အလှူရှင်များနှင့် စာပေဟောပြောသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်မြို့ဆေးသိပ္ပံပညာဦးစီးဌာန သူနာပြုနှင့် သားဖွားသင်တန်းဆင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၇

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ဆေးသိပ္ပံပညာဦးစီးဌာန သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (၁၂) ကြိမ်မြောက် သူနာပြုသင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် (၁၀) ကြိမ်မြောက် သူနာပြုသင်တန်းသား သင်တန်းသူများ၏ သင်တန်းဆင်းနှုတ်ဆက်ပွဲ၊ (၇၅) ကြိမ်မြောက် သားဖွား သင်တန်းသူများ၏ သင်တန်းဆင်း နှုတ်ဆက်ပွဲအခမ်းအနားကို ဧပြီ ၂၇ရက် နံနက်၉နာရီက အဆိုပါသူနာပြုနှင့် သားဖွားသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌဗိုလ်မှူးချုပ် လှမင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာငွေစန်း၊ ပြည်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မို့မို့ဦးတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ သူနာပြုဒီပလိုမာ (၃)နှစ် သင်တန်းအမှတ်စဉ်(၁၂) သင်တန်းသား သင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းများကို သူနာပြုအုပ် ဒေါ်ခင်ခင်ဝင်း၊ သူနာပြု ဆရာကြီး ဦးမောင်မောင်တင်နှင့် ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင် မို့မို့ဦးတို့က အပ်နှင်းပေးကြသည်။

ယင်းနောက်ဆုရကျောင်းသူများအား တိုင်းခွဲဥက္ကဋ္ဌနှင့် တိုင်းခွဲကျန်းမာရေး ဦးစီးမှူးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

အမှာစကား

ထို့နောက် ပဲခူးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ရုံး အစည်း အဝေးခန်းမ၌ ဒေသခံလုပ်ငန်းရှင်များ နှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် စိုက်ပျိုးမြေနေရာသစ်များ သတ်မှတ် ပေးခြင်းကို ဧပြီ၂၈ရက်နံနက် ၁၀ နာရီကကျင်းပရာ ရှေးဦးစွာတိုင်းခွဲ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းက အဖွင့် အမှာစကားပြောကြားပြီး ပဲခူးတိုင်း (အနောက်ပိုင်း) မြေစာရင်းဦးစီးမှူး ဦးသန်းဦးက ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမည့် ဒေသခံ လုပ်ငန်းရှင်များ အား မြေနေရာသတ်မှတ်ခြင်းနှင့် ၎င်းမြေနေရာ ပိုင်ဆိုင်မှု များကို လည်းကောင်း၊ ပဲခူးတိုင်း (အနောက် ပိုင်း)တိုင်းစိုက်ပျိုးရေး မန်နေဂျာဦးစန်း မောင်က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး နည်းစနစ်များကို လည်းကောင်း ပြော ကြားကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ရွှေတောင်မြို့နယ် ပညာအလင်းစာကြည့်တိုက်နှစ်ပတ်လည်ကျင်းပ စာပေရေးရာနှင့်ရေရှည်ဖွံ့ဖြိုးရေးဆွေးနွေး၊စာအုပ်မျိုးစုံပေးအပ်

ရွှေတောင် မေ ၃

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ပေါင်းချုပ်ကျေးရွာအုပ်စု တဲကြီးကုန်းကျေးရွာတွင် ပညာအလင်း ကျေးလက်လူငယ်စာကြည့်တိုက် နှစ်ပတ်လည် အခမ်းအနားကို ဧပြီ ၂၇ရက် နံနက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးလှဦးက အမှာ စကားပြောကြားပြီး စာကြည့်တိုက် နာယက ရန်ကုန်မြို့ ခြောက်ထပ်ကြီးကျောင်းတိုက် ဓမ္မရာမကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမာစာရက နှစ်ပတ်လည်အခမ်းအနား ကျင်းပ ရခြင်းနှင့် ပတ်သက်၍ဩဝါဒကထာမြွက်ကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးစိန် တိုးက စာပေရေးရာနှင့် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုး ရှင်သန်ရေးများအကြောင်း ဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်က စာအုပ်မျိုးစုံ အုပ်၅၀ပေးအပ်ရာ ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပေါ်သိန်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂုဏ်ပြုပူဇော်ပွဲ တမူးမြို့၌ကျင်းပ

တမူး ဧပြီ ၃၀

စစ်ကိုင်းတိုင်း တမူးမြို့တွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် တော်ရ မြို့မရွှေကျင်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ မာနိတသိရီအား ဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက မြို့မ ရွှေကျင်ကျောင်းတိုက်၌ ကျင်းပရာ ပင့်ဖိတ်ထားသော ဆရာတော် သံဃာ တော်များ၊ ခရိုင်၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မ ရွှေကျင်ကျောင်း ဂေါပကအဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက် ဂုဏ်ပြု ပူဇော်ကြသည်။

အဆိုပါ ဂုဏ်ပြုပူဇော်ပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ကြီး ဝင်းနိုင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး အသင်းအဖွဲ့များက ထေရဂုဏ်ရည် ဂါထာများဖြင့် ရွတ်ဖတ်ပူဇော်ကန်တော့ကြသည်။

(ဝ၂၅)

မကွေးတိုင်းဗီဒီယိုအခြေခံအဖွဲ့အလုပ်အမှုဆောင်များ လုပ်ငန်းဆိုင်ရာတွေ့ဆုံ

မကွေး မေ ၅

၂၀၀၆-၂၀၀၈ခုနှစ်အတွက် ရွေးချယ်တာဝန် ပေးအပ်ခြင်းခံရသော မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး မကွေးတိုင်း ဗီဒီယိုအခြေခံအဖွဲ့ အလုပ်အမှုဆောင်များ မကွေးတိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌထံ လုပ်ငန်းဆိုင်ရာတွေ့ဆုံပွဲ အခမ်းအနားကို မေ ၂ရက် နံနက်၁၀နာရီက မကွေးတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ မကွေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)**မကွေးတိုင်း ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်က ၂၀၀၆-၂၀၀၈ခုနှစ်အတွင်း တိုင်း ဗီဒီယိုလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် ရေ့ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် တိုင်းဗီဒီယိုလုပ်ငန်း စိစစ် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းအုပ်ချုပ်ရေးမှူး ဦးခင် မောင်မြင့်က ပြန်လည်ရှင်းလင်းညှိနှိုင်း ဆောင်ရွက်ကြ သည်။ **(၃၈၃)**

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီး အရာရှိ၊ ဒုတိယဦးစီးမှူး(ဈေး)၊ဈေးတာဝန်ခံများ၊ ကျန်း မာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊အမျိုးသမီးရေးရာ အဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ စုပေါင်း၍ မတ်၃၀ရက်က မြသာယာဈေးတွင် အိုင်အို ဒင်းဆား ရောင်းချသောဆိုင်များ၌ အိုင်အိုဒင်းဆား ပါဝင်မှုကို စမ်းသပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အီလက်ထရွန်နစ် အလေးချိန်တိုင်းကိရိယာ ဝယ်ယူစားသုံးသူများလိုအပ်ချက်ဖြည့်ဆည်းပေး

မြစ်ကြီးနား မေ ၁

ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် တိကျမှန်ကန်ပြီး လွယ်ကူမြန်ဆန်စွာ အသုံးပြုနိုင်သည့် အလေးချိန်တိုင်းကိရိယာ (ဒီဂျစ်တယ်ချိန်ခွင်) အသုံးပြုနိုင်ရေးအတွက် ဧပြီ ၂၇ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၏ ကြပ်မတ်မှုဖြင့် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိဒေါ်ဝင်းဝင်းမော်၊ ဒုတိယဦးစီးမှူး ဒေါ်ခင် မေညွန့်တို့နှင့်အတူ မြစ်ကြီးနား၊ ဖားကန့်၊ မိုးကောင်း၊ မိုးညှင်းနှင့် ဗန်းမော် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ ဒုတိယဦးစီးမှူး(ဈေး)များ လိုက်ပါ၍ အီလက်ထရွန်နစ် အလေးချိန်တိုင်းကိရိယာဖြင့် မြစ်ကြီးနားမြို့နယ် စည်ပင် သာယာရေးအဖွဲ့ပိုင် ရေစင်ကွင်းဈေးတွင် လက်တွေ့ကွင်းဆင်း စမ်းသပ် ဆောင်ရွက်ကြသည်။**(အပေါ်ပုံ)**

အဆိုပါ အီလက်ထရွန်နစ် အလေးချိန်တိုင်းကိရိယာကို မြို့နယ် စည်ပင် သာယာရေးအဖွဲ့ပိုင်ဈေးများတွင် သမာဓိချိန်ခွင်အဖြစ် ထားရှိအသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။

(ပြည်နယ်စည်ပင်)

သန် လျင် အထက (၃)၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် သင်ယူပြီးမြောက် ခြင်း လက်မှတ် ပေးအပ်ပွဲကို ဧပြီ ၂၂ ရက်က ကျောင်းခန်းမ၌ ကျင်းပရာကျောင်း အုပ်ဆရာမကြီး ဒေါ် စန်း ရီ က အထက်တန်းဆင့် ကျောင်းသား တစ် ဦးအား သင်ယူ ပြီး မြောက် ခြင်း လက် မှတ် ပေး အပ်စဉ်။

(ခရိုင်ပြန်/ဆက်)

သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူ

နွားထိုးကြီး ဧပြီ ၃၀

နွားထိုးကြီးမြို့ အမှတ် (၅) ရပ်ကွက်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ နှစ်စဉ်ကျင်းပလျက် ရှိသော(၃၆)ကြိမ်မြောက် သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူ ပွဲကို ဧပြီ၁၇ရက်ညနေ၃နာရီက အမှတ်(၅)ရပ်ကွက် ဓမ္မာရုံ အနီး ဘုရားလမ်း၌ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တိုးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် များနှင့် ရပ်ကွက်ပြည်သူများက မြို့ပေါ် ကျောင်းပေါင်း ၂၂ ကျောင်းမှ ပင့်သံဃာ၃၂၀ တို့အား ဆွမ်းဆန်စိမ်းနှင့် ဒေသထွက်ကုန်ပစ္စည်းများ လောင်းလှူကြသည်။ **(၂၁၃)**

ဆောင်ရွက်သမျှ အောင်မြင်စေရန်

လမင်းသာမျိုးအောင် ဓာတ်ရိုက်ဓာတ်ဆင်လက္ခဏာဗေဒင်

မုန်းသူချစ်ခင်၊ ဆင်းသူပြန်လာ၊ အိမ်ထောင်ရေးအဆင်ပြေရန် ဆောင်ရွက်ပေး၊ မင်္ဂလာအခါပေး၊ ရောင်းလိုကုန်ထွက်၊ စီးပွားတိုးတက်၊ နိုင်ငံခြားထွက်ရေး၊ ဆုံးငွေပြန်ရ၊ အရာရာအောင်မြင်ရေး ခွဲမွေးချိန်နှင့်အမည်ပေး။

၁ ရက်မှ ၂၅ရက်– အမှတ် ၆၊ လမ်း ၁၄၀၊ ယုဇနပလာဇာအနီး၊ မအူကုန်း၊ တာမွေမြို့နယ်၊ ရန်ကုန်၊ ဖုန်း–၂၀၀၆၆၅။

၂၆ ရက်မှ လကုန်– ၄၁၄၊ မရမ်းကုန်း၊ မော်လမြိုင်။

ဖုန်းနှင့်ဆွေးနွေးလိုသူများအတွက် (သီးသန့်ဖုန်း– ၀၉ ၅၁ ၄၅၆၆၈)

အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်း (၃)လမ်း အမှတ်(၃၆)နေ ကျွန်မ ဒေါ်ခင်အုန်းမြင့်၏သား မောင်သိန်းဇော်ထွန်း(ခ)တန်ဘီ မှတ်ပုံတင်အမှတ်–၇/ပခန(နိုင်) ၂၃၆၂၇၁ သည် မိဘစကားကို နားမထောင်ဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင် ကြိမ်ကြိမ်ပြုလုပ်နေသည်ဖြစ်၍ ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
မိခင် ဒေါ်ခင်အုန်းမြင့်။

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ–၃၇၃)
ရန်ကုန်တိုင်းတရားရုံးခရိုင်တရားမရုံး၌။
၂၀၀၆ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်– ၁၂၇
ကွယ်လွန်သူ ဒေါ်စန်းစန်းဝင့်၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဦးဇော်ဦး **လျှောက်သူ။**

မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ မေခလမ်း၊ အမှတ်(၆)နေ ဦးဇော်ဦးက ကွယ်လွန်သူ ဒေါ်စန်းစန်းဝင့်၏ ခင်ပွန်းဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဒေါ်စန်းစန်းဝင့်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက် ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်စန်းစန်းဝင့်မှာ ကျန်ရစ်သောပစ္စည်းများ အပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၆ခုနှစ် မေလ ၂၅ရက် (၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးဇော်ဦး၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၆ ခုနှစ် ဧပြီလ ၂၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စောစံလင်း
တွဲဖက်တိုင်းတရားသူကြီး(၁၂)
ရန်ကုန်တိုင်းတရားရုံး။

ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြောက်ဘက်တန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို မေ ၂ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းမြင့်အောင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လံစေတီ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဧပြီ ၁၆ ရက်က ရန်ကင်းမြို့နယ်(၁၅)ရပ်ကွက် အမှတ်–၃၆နေ ဦးအောင်မြင့်–ဒေါ်ခင်မေ မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၁၆၈)

မြတ်ရတနာဓမ္မစာပေသင်တန်း

ရန်ကုန် မေ ၇

ဗိုလ်တထောင်စေတီတော်ရင်ပြင်ပေါ်ရှိ ဗုဒ္ဓဓမ္မစာပေသင်တန်းဆောင်တွင် မေ၁၃ရက်မှစ၍ အပတ်စဉ် စနေနေ့တိုင်း အဘိဓမ္မာပထမဆင့်(သင်တန်း–၁)ကို နံနက်၉ နာရီတွင်လည်းကောင်း၊ ၁၄ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း အဘိဓမ္မာပထမဆင့်(သင်တန်း–၂)ကို နံနက် ၉နာရီတွင် လည်းကောင်း၊ အဘိဓမ္မာ ဒုတိယအဆင့်ကို မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ အဘိဓမ္မာ တတိယအဆင့်ကို မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ဝိသုဒ္ဓိမဂ် သင်တန်းကို တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီတွင် လည်းကောင်း၊ ဋီကာကျော်သင်တန်းကို တနင်္ဂနွေနေ့ နေ့တိုင်း မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း အသီးသီး ဖွင့်လှစ်မည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(၃၅၂)

ညောင်ကန်အေး သာသနာ့ရိပ်သာ ပြည်တွင်းပြည်ပ ဗုဒ္ဓသာသနာပြုသင်တန်း

ရန်ကုန် မေ ၇

မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာတွင် နှစ်စဉ်ဖွင့်လှစ်လျက်ရှိသော ထေရဝါဒ ဗုဒ္ဓသာသနာပြု သင်တန်းကို တက္ကသိုလ်ဝါရင့် အငြိမ်းစား ဆရာကြီးများက အင်္ဂလိပ်ဘာသာနှင့် စကားများကို ကုသိုလ်ဖြစ် သင်ကြားပို့ချပေးမည်ဖြစ်သည်။ သ/စ/အ ဓမ္မာစရိယ တစ်ခုခုအောင်မြင်သော ရဟန်းတော်များ၊သိက္ခာတော်၁၅ဝါရပြီး ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက မူလစာချ ရဟန်းတော်များ၊ သင်တန်းတက်ရောက်ရန် မေ ၃၁ရက် နောက်ဆုံးထား၍ အဆိုပါသာသနာ့ရိပ်သာ ပဓာန နာယကဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုဏ္ဍလထံလျှောက်ထားနိုင်သည်။

သင်တန်းကို ဇွန် ၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ဒုတိယနှစ်နှင့် တတိယ နှစ်သင်တန်းများကိုလည်း အဆိုပါနေ့တွင် စတင်သင်ကြားမည်ဖြစ်ရာ သင်တန်းသားများ စာရင်းသွင်းကြရန် ဝေယျာဝစ္စအဖွဲ့ ညောင်ကန်အေးသာသနာ့ရိပ်သာ အမှတ်(၆) အင်းစိန်လမ်းမကြီး အင်းစိန် ဖုန်း–၆၄၂၂၁၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

ဘိုကလေးမြို့မ (ဂ) ရပ်ကွက် လမ်းအလိုက်နှစ်စဉ် ကျင်းပမြဲဖြစ်သော သံဃာ့ဒါနနှစ်ဦးဆွမ်းလောင်းပွဲနှင့် နိဗ္ဗာန်ဈေးပွဲ အခမ်းအနားကို ဧပြီ ၁၄ ရက်က ဘောဂလမ်းမုခ်ဦးဆိုင်းဘုတ်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးလေးမောင်နှင့် ရပ်ကွက်အဖွဲ့ဝင် (၁) ဦးသောင်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကွမ်းလုံမြို့၌ ရှင်ဥပဂုတ္တကျောင်းဆောင်ဖွင့်

ကွမ်းလုံ ဧပြီ ၂၀

ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာ ဇိနမာရ်အောင်စေတီတော်ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ရှင်ဥပဂုတ္တကျောင်းဆောင်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ဧပြီ ၁၂ ရက် နံနက် ၈ နာရီခွဲက ဟိုလီကျေးရွာ ရတနာဒီပကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး သံဃာတော်များက ပရိတ်တရားတော်များချီးမြှင့်သည်။ ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်အောင်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ရှင်ဥပဂုတ္တ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် မွေးနေ့ဝိဇာတ အလှူတော်မင်္ဂလာနှင့် ဆောက်လုပ်ဆဲဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၇

နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏ မဟာထေရ်၏ သက်တော် (၈၇)နှစ်ပြည့် မွေးနေ့ ဝိဇာတအလှူတော်မင်္ဂလာနှင့် ဆောက်လုပ်ဆဲ အဘိဓဇဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်း ဟောင်းရှိ အဆိုပါကျောင်းတိုက် အဘိဓဇ ဆွမ်းစားကျောင်းတော်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး အလှူတော်ငွေများကို လက်ခံသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် မွေးနေ့ဝိဇာတအလှူတော်မင်္ဂလာနှင့် ဆောက်လုပ်ဆဲဆွမ်းစားကျောင်းတော်ကြီး အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သြဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လူသားတို့၏ ပြုမူလုပ်ဆောင်ချက် ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းဖြစ်

ရန်ကုန် မေ ၇

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုသည် လူသားတို့၏ပြုမူလုပ်ဆောင်ချက်များကြောင့် ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

ကမ္ဘာ့ရာသီဥတုတဖြည်းဖြည်း ပြောင်းလဲလာမှုသည် သဘာဝတရား၏ဖြစ်ပျက်မှုများနှင့် ဖြစ်စဉ်များကြောင့်ဖြစ်ကြောင်း လွန်ခဲ့သော နှစ် ၅၀ခန့်က သိပ္ပံပညာရှင်များက ယူဆခဲ့ကြသည်။ နောက်ပိုင်းတွင်မူ သဘာဝတရား၏ ပြောင်းလဲမှုဖြစ်စဉ်နှင့် လူသားတို့၏

စာမျက်နှာ ၆ ကော်လံ ၅ ✡

နိုင်ငံရေးရပ်တည်မှုအနေအထား မူလလမ်းကြောင်းမှ သွေဖည် အကြမ်းဖက်သမား ပြည်ပြေးအုပ်စုများနှင့် ပတ်သက်နေ နိုင်ငံနှင့် ပြည်သူ့အကျိုးကို မျက်ကွယ်ပြုပြီး မှားယွင်းသောလုပ်ရပ်များ လုပ်ဆောင်နေသည့်အတွက် ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၆၇ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၇

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီဝင်များဖြစ်ကြသည့် ဦးဇော်ဝင်း၊ ဦးရဲမြင့်နှင့် ဦးအုန်းမြင့်တို့အပါအဝင် ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်၆၇ဦးတို့သည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများပေးပို့အကြောင်းကြားခဲ့သည်။ ထို့နောက် အဆိုပါ ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်၆၇ဦးတို့သည် ၎င်းတို့၏နုတ်ထွက်လွှာများကို မေ ၄ ရက် မွန်းလွဲ၁နာရီတွင် ရွှေကူမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ဆက်လက်ယှဉ်ပြိုင် စောသဲမျိုး(K.L.N)က သမိန်ရာဇ(မလှိုင်)ကို အလဲထိုးအနိုင်ယူ

သတင်းမြင်ကွင်း-ကိုထွေး၊ ဓာတ်ပုံ-သိန်းဝင်းလေး၊ တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ တံခွန်စိုက် ရွှေခါးပတ်ချန်ပီယံလုပွဲကို ယနေ့မွန်းလွဲ ၂ နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ယှဉ်ပြိုင်ရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အလဲထိုး

ဒုတိယနေ့ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ဘင်တန်ဝိတ်တန်း ၅၄ ကီလို၌ နှစ်ပွဲ၊ လိုက်ဝိတ်တန်း ကီလို ၆၀ ၌ သုံးပွဲ၊ လိုက်ဝယ်လ်တာဝိတ်တန်း ၆၃ဒသမ ၅ကီလို၌ သုံးပွဲ စုစုပေါင်း ရှစ်ပွဲယှဉ်ပြိုင်ကြသည်။ ယနေ့ပွဲစဉ်များတွင် ၂၀၀၀ ပြည့်နှစ်

စာမျက်နှာ ၁၂ ကော်လံ ၁ ■

ဘင်တန်ဝိတ်တန်း ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ဝဲမှယာ သားရွှေသွေး(တောင်ကလေး) ညာဒူးတိုက်ချက် ရွှေဖလား (K.L.N)ညာမျက်နှာအား ထိမိထားစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

လိုက်ဝယ်လ်တာဝိတ်တန်း ၆၃ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ဝဲမှယာ စောဝီလျံသိန်း(မရမ်းကုန်း)၏ ညာဝိုက်လက်သီးကို မိုက်တိုင်စန် (အလင်းရောင်)က ညာဒူးဖြင့် ရင်ညွန့်ကို ဤသို့ ပင့်တင်ထားခဲ့သည်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

နေပြည်တော်မြို့တော် မိုးလေဝသ အခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(မေ ၈ ရက်)၌နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။